www.burmeseclassic.com



www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက် – ၅၀၀၂၀၇၀၆၀၂
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၅၈၀၀၆၀၅

| | |
|---|---|
| ထုတ်ဝေသူ | ဦးတင်လှိုင် |
| | ပန်းမြိုင်လယ်စာပေ |
| | ၅၇၊ ခရေပင်လမ်း၊ ၂(ခ)ရပ်ကွက်၊ |
| | မင်္ဂလာဒုံ။ |
| ပုံနှိပ်သူ | ဒေါ်ဝင်းဝင်းအေး (မြ–၀၆၇၄၉) |
| | ကောင်းသန့်ပုံနှိပ်တိုက် |
| | အ–ထ–က (၆)၊ |
| | ဗိုလ်တထောင်ကျောင်းဝင်း။ |
| | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | တင်လှဝင်းထင် |
| အတွင်းအလင်း | မဟာမီဒီယာ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| ပြီးစီးသည့်ကာလ | ၂၀၀၆ ခုနှစ်၊ ဇွန်လ |
| စာအုပ်ချုပ် | စိန်ကြည် |
| ဖြန့်ချိရေး | ပန်းမြိုင်လယ်စာပေ |
| | ၅၇၊ ခရေပင်လမ်း၊ ၂(ခ)ရပ်ကွက်၊ |
| | မင်္ဂလာဒုံ။ |
| | ဖုန်း – ၆၃၅၂၆၂ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၈၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

လယ်တွင်းသားစောချစ်

BURMESE CLASSIC

# ပန်းကြာဖြူ

နှင့်

# အဆိပ်မီး

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီကျော် ဝိသုကအိမ်ရှေ့သို့ မြင်းလေးကောင် ကသည့် ခုံညားသောရထားကြီး တစ်စီး ဆိုက်ရောက်လာသည်။

မင်းညီမင်းသား သူဌေးသားတစ်ဦးဦး လာသည်ထင်၍ ဝိသုကကိုယ်တိုင် ထွက်၍ကြို၏။

သို့သော်... မမျှော်လင့်သော မြင်ကွင်းကြောင့် ဝိသုက အံ့အားသင့်ရသည်။ ရထားပေါ်မှ မိန်းမချောတစ်ယောက် ဆင်းလာနေ၏။

"ပန်းချီဆရာ ဝိသုက ရှိပါသလား..."

"ဩော်... ရှိပါတယ်၊ ကျုပ် ဝိသုကပါ"

အံ့ဩသွားသည့် မိန်းမချောလေး၏ မျက်လုံးအစုံက အထက်သို့ အနည်းငယ်ပင့်တက်ပြီး မျက်ခုံးနှစ်ဖက်က အတွင်းဘက်သို့ အနည်းငယ် ကျုံ့သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီကျော် ဝိသုကအိမ်ရှေ့သို့ မြင်းလေးကောင် ကသည့် ခံ့ညားသောရထားကြီးတစ်စီး ဆိုက်ရောက်လာသည်။

မင်းညီမင်းသား သူဌေးသားတစ်ဦးဦး လာသည်ထင်၍ ဝိသုကကိုယ်တိုင် ထွက်၍ကြို၏။

သို့သော်... မမျှော်လင့်သော မြင်ကွင်းကြောင့် ဝိသုက အံ့အားသင့်ရသည်။ ရထားပေါ်မှ မိန်းမချောတစ်ယောက် ဆင်းလာနေ၏။

"ပန်းချီဆရာ ဝိသုက ရှိပါသလား..."

"ဪ... ရှိပါတယ်၊ ကျုပ် ဝိသုကပါ"

အံ့သြသွားသည့် မိန်းမချောလေး၏ မျက်လုံးအစုံက အထက်သို့ အနည်းငယ်ပင့်တက်ပြီး မျက်ခုံးနှစ်ဖက်က အတွင်းဘက်သို့ အနည်းငယ် ကျုံ့သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို… မောင်ကြီးက ဝိသုကလား"

"ဟုတ်ပါတယ်… လာတဲ့ကိစ္စကို အမိန့်ရှိပါ"

"အရှင်မ သီရိမာက အခေါ်လွှတ်လိုက်လို့ပါ"

"ဗျာ… သီရိမာ"

ယခုအခါ… မျက်လုံးပင့်ပြီး မျက်ခုံးကျုံ့သွားရသူမှာ ဝိသုက။

"ဟုတ်ပါတယ်… အရှင်မ သီရိမာပါ"

"အကြောင်းက… … … "

"သခင်မကိုယ်တိုင် အမိန့်ရှိပါလိမ့်မယ်"

"အခု… လိုက်ခဲ့ရမှာလား"

"ဟုတ်ပါတယ်… သခင်မက ရထားနဲ့တစ်ပါတည်း ခေါ်ဆောင်ခဲ့ဖို့ မှာလိုက်ပါတယ်"

ဝိသုက မငြင်းသာ။ ငြင်းလိုစိတ်လည်းမရှိ။ ရထားပေါ်သို့ တက်လိုက်သည်။

ခမ်းနားလိုက်သည့် ရထား၊ ပြေးလေသော မြင်းကြီးကလည်း နတ်မြင်းပျံသို့ မြူးကြွားကြွား။

သီရိမာ… ။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်ပြည်ကြီး၏ အလှရတနာ... ယောကျ်ားတကာတို့၏ နှတ်ဖျားမှာ ရေပန်းစားနေသော ပြည်ကြီးတန်ဆာ။ မည်မျှနု... မည်မျှချော၍ မည်မျှလှသနည်း။ အမည်သတင်းကိုသာ ကြားနေရသော်လည်း ဝိသုက တစ်ခါမှ မမြင်ဘူး။ ယခု... မျက်ဝါးထင်ထင် မြင်ရတော့မည်။ ဝိသုက ရင်ထဲမှာ လှုပ်ရှားနေ၏။

ရထားထိန်း၏ ကြာပွတ်သံကို ကြားရပြီးနောက် မြင်းခွာသံတို့က ပို၍စိပ်လာ၏။ ရထားက ပို၍မြန်စွာ ပြေးနေသည်။

"သီရိမာ... ငါ့ကို ဘာလို့ခေါ်တာပါလိမ့်။ အို... ငါက ပန်းချီရေးသူဆိုတော့ ပန်းချီဆွဲဖို့ပဲ ဖြစ်မှာပေါ့။ သီရိမာရဲ့ ပုံတူကိုသာ ဆွဲရမည်ဆိုရင်တော့ အို... သီရိမာရဲ့အလှကို တစ်ဝကြီး ကြည့်ခွင့်ရမှာပဲ။ သူ့အလှကို ငါမီအောင် ဆွဲနိုင်ပါ့မလား။ ဘာလို့မဆွဲနိုင်ရမှာလဲ... ငါလည်း ရာဇဂြိုဟ်ပြည်မှာ ကျော်ကြားတဲ့ ပန်းချီကျော် ဝိသုကပဲ"

× × ×

www.burmeseclassic.com

www.burmeseclassic.com



ရထားက ခြံဝင်းကြီး တစ်ခုအတွင်းသို့ ဝင်သွားရာမှ ရုတ်တရက်ရပ်လိုက်သည်။

"ရောက်ပါပြီအရှင်... ဆင်းသက်တော်မူပါ"

ဝိသုက ရထားပေါ်မှ ဆင်းလိုက်သည်။

"အို... လှလိုက်တဲ့ ဥယျာဉ်ပန်းမန် ရေကန်နဲ့ အိမ်ဂေဟာ"

မြင်မြင်သမျှမှာ ပန်းချီကျော် ဝိသုက အတွက် ကျေနပ်စရာ... ကြည်နူးစရာ။

"အတွင်းကိုကြွပါ အရှင်..."

မိန်းမပျိုရှေ့ဆောင်၍ ခေါ်ရာသို့ ဝိသုက လိုက်ပါ ခဲ့ရ၏။

"အို..."

ညှိခန်းဆောင်အတွင်းသို့ ရောက်တော့ ဝိသုက အံ့သြဂုဏ်ယူမိရသည်။

နံရံပေါ်တွင် သူရေးဆွဲထားသည့် ပန်းချီကားချပ်ကြီးများ။

"အရှင်ရဲ့ လက်ရာတွေကို သခင်မသိရှိမာ အလွန်မြတ်နိုးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို... ဟုတ်ကဲ့လား"

ဝိသုက အံ့ဩဝမ်းသာဖြစ်ရပြန်သည်။

"ဒီဘက်ကို ကြွပါအရှင်... သခင်မက စောင့်မျှော်နေပါပြီ... ကြွပါ"

အဆောင်ဆောင်... အခန်းခန်းများကို ဖြတ်သန်း၍ ခေါ်သွား၏။ အတွင်းခန်းတစ်ခုကို ရောက်သော်... ပိုးကန့်လန့်ကာ ပါးပါးလေးကို ဖယ်လှပ်လိုက်သည်နှင့်

ကြယ်တာရာတို့၏ သခင်လပြည့်ဝန်းနှယ် တင့်တယ်လှပသော မိန်းမချောသီရိမာ။

သလွန်ညောင်စောင်းထက်မှာ ကတ္တီပါ အုံးဝန်းတစ်ခု ကို ကန့်ကလျလေးမှီလျက်...

"ကြွပါအရှင်... "

နောက်မှ... ခန်းဆီးစလေးသည် ပကတိ အတိုင်း ပြေပြန့်သွားရုံမက ညင်သာသောတံခါး ပိတ်သံကလေးကိုပါ ဝိသုက ကြားလိုက်ရသည်။ လိုက်ပို့သော မိန်းမပျိုလေး ပြန်ထွက်သွားလေပြီ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... သတင်းကြီးတာနဲ့ညီအောင် လှပါပေတယ်"

ပန်းချီကျော် ဝိသုက ငေးမောနေရပြီ။

"ထိုင်ပါအရှင်... ပန်းချီကျော် ဝိသုကလို့ အမည်သတင်းက ကြီးလှပေမယ့်... ငယ်ရွယ်သူ တစ်ယောက်ပါပဲလား"

"ဘာကြောင့်... အခေါ်လွတ်တယ်ဆိုတာ သိပါရစေ... သီရိမာ"

"သိရမှာပေါ့ မောင်ကြီးရယ်... သီရိမာရဲ့ ပုံတူပန်းချီကားတစ်ချပ် ဆွဲပေးမယ်ဆိုရင် အဖိုး အခဘယ်မျှပေးရပါ့မလဲ"

"ဗျာ..."

ဝိသုက စဉ်းစားရပြီ။

ယူနေကျ အခကြေးငွေ တစ်ရာဆိုလျှင် နည်းသည်ဟု အထင်သေးလေမည်လား။

"အသပြာနှစ်ရာယူပါတယ် သီရိမာ..."

သီရိမာ ပြုံးသည်။

"နည်းလှပါလား မောင်ကြီးရယ်..."

"ဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



ဝိသုက ပို၍ပြောသည်ပင် အထင်သေးခံရနေရသေးသည်။

"သီရိမာရဲ့... တစ်နေ့တာ အဖိုးအခကို မောင်ကြီး သိပါသလား"

"အသပြာတစ်ထောင်လို့ ကြားဖူးပါတယ်"

"သီရိမာက... မောင်ကြီးရဲ့ ပန်းချီလက်ရာတွေကို သိပ်လေးစားတဲ့ သူပါ။ ဒါကြောင့်... ဧည့်ခန်းဆောင်မှာ မောင်ကြီးရဲ့ ပန်းချီလက်ရာတွေကို အမြတ်တနိုးချိတ်ဆွဲထားပါတယ်"

"တွေ့ခဲ့ပါတယ်... သီရိမာ"

"တကယ်တော့... သီရိမာတို့ မိန်းမသားများရဲ့... အလှပြင်ဆင်ခြင်း ဆိုတာဟာလည်း လှည့်စားဖြားယောင်းခြင်း... မာယာတွေပါပဲ မောင်ကြီးရယ်"

သီရိမာက ပြောရင်းမှ မျက်လုံးကလေး တစ်ချက်ဝင့်၍ မခို့တရို့လေး ပြုံးပြလိုက်သောကြောင့် ပန်းချီကျော် ဝိသုက အသက်ရှူမှားအောင် ဖြစ်ရသည်။

"ယုံ... မောင်ကြီးယုံပါတယ် သီရိမာ"

www.burmeseclassic.com

www.burmeseclassic.com



"သီရိမာက အနုပညာကို တန်ဖိုးထားတတ်၊ မြတ်နိုးတတ်သူပါ မောင်ကြီးရယ်"

သီရိမာက... သူ၏ လှပသော ကိုယ်နေဟန်ထားကို တစ်ချက်နွဲ့၍ ပြင်လိုက်ပြီးမှ နုံ့သာယပ်တောင်ကလေးဖြင့် ဖြည်းဖြည်းသာသာ ခပ်နေသည်။

"အို... သီရိမာရဲ့ လှုပ်ရှားမှုတိုင်းဟာ အသက်ဝင်နေတဲ့ ပန်းချီကားချပ်တွေပါလား"

ပန်းချီကျော် ဝိသုက သက်ပြင်းချရပြီ။

"ဒါ့ကြောင့်မို့... သီရိမာ သိပ်လေးစားတဲ့ ပန်းချီအနုပညာရှင် မောင်ကြီးကို တမင်ဖိတ်ပြီး သီရိမာရဲ့ပုံတူကို ရေးဆွဲပေးဖို့ တောင်းပန်တာပါ။ မောင်ကြီးပြောတဲ့ အဖိုးအခကိုလည်း ပူဇော်ပါ့မယ်"

"ကောင်းပါပြီ... သီရိမာ။ အကောင်းဆုံးဖြစ်အောင် မောင်ကြီး... ရေးဆွဲပေးပါ့မယ်"

"သီရိမာ ရေးဆွဲချင်တဲ့ပုံက သီရိမာရဲ့ ပကတိအလှ ကို ပေါ်လွင်စေချင်တဲ့ ဒီလိုပုံမျိုးပါ"

သီရိမာက... သလွန်ညောင်စောင်းထက်မှ ဆင်း၍ ဘေးစောင်းလည်းမလှည့် တည့်တည့်

www.burmeseclassic.com

www.burmeseclassic.com



လည်း မကျ၊ ကန့်ကလျှပ်ကလေးဖြင့် ရပ်လိုက်သည်။ ပြေပြစ်သော တင်ပေါ်သို့ ညာလက်ကို အလိုက်သင့် ကွေးညွှတ်၍ အသာအယာ ထောက်တင်ထားခြင်းဖြင့် ကျင်သောခါးကို ပို၍လှစေသည်။ ဘယ်လက်ကို အဖျားကော့လျက် ရှေ့ဘက်မှာ သွယ်ဆင်းစေပြီး တစ်တောင်ဆစ်ကလေးကွေး၍ ဘေးဘက်သို့ စဉ်းငယ်မျှဖွင့်ရုံနှင့် ပွင့်သောရင်မှာ ပို၍လှပစွာ ပေါ်လွင်စေသည်။

"အို... "

အံ့အားသင့်နေသော ဝိသုကသို့ မျက်ဝန်းညို့ညို့မှ ညို့ကြည့်ကြည့်လျက် ဖိုသတ္တဝါတို့၏ ရင်ကို လှုပ်ရှားအောင် ဆွဲဆောင်အားကြီးမားသည့် လျှို့ဝှက်နက်နဲသော အပြုံးကို ပြုံးလျက်...

ပန်းချီကျော် ဝိသုကရင်ထဲမှာ မုန်တိုင်းများ တိုက်နေပြီ။

ပန်းချီကျော် ဝိသုက၏ နှလုံးသွေးမှာ လှိုင်းတံပိုးများ ထကုန်ပြီ။

"အို... မာယာအနုပညာရှင် မသီရိဘဲရယ်"

× × ×

www.burmeseclassic.com

www.burmeseclassic.com



ပဒုမ္မာကြာပန်းတို့ဖြင့် တင့်တယ်သော ရေကန်ကြီးထဲမှာ မိန်းမလှလေးများ မြူးထူးပျော်ပါးစွာ ရေကစားနေကြသည်။

ထိုအချိန်တွင်... မိန်းမပျိုလေးတစ်ယောက်သည် စောစောလေးကပင် သူ့ဘေးနားမှာရှိနေသော သခင်မလေးကို သတိရ၍ ဟိုဟိုသည်သည် လှျောက်ရှာကြည့်သည်။ ဘယ်မှာမျှ မတွေ့ရ...။ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ ထို့ကြောင့်... ကန်ရေကြည် ကြည်ကို ကျောက်နှစ်ဘက်ဖြင့် ရက်၍ တွန်းဖယ်ရင်း အထိန်းတော်ကြီး မမခေမာဆီသို့ ကူးခတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့... ဘဒ္ဒါ၊ ဘယ်လိုဖြစ်လာတာလဲ"

"မမ... သခင်မလေးဥတ္တရာ ပျောက်နေတယ်၊ ရှာကြပါဦး"

"ဟင်... နင်က ရေကျွမ်းလို့ နင့်ကို သခင်မလေးနားမှာ အမြဲနေဖို့ တာဝန်ပေးထားတာ မဟုတ်လား။ နင်က ဘယ်သွားနေလို့လဲ... "

"ဟုတ်ပါတယ် မမရယ်... ဘဒ္ဒါလည်း သခင်မလေး အနားမှာနေတာပါပဲ။ သခင်မလေးကိုပေးဖို့ ကြာပွင့်တစ်ပွင့်ကို လှည့်ခူးနေတုန်း သခင်မလေး ပျောက်သွားတာပါ"

"ဟင်... ဟုတ်လား။ ဒါဖြင့်... လုပ်ကြပါဦး။ သခင်မလေး ဥတ္တရာသာ ပျောက်သွားရင်တော့ ပုဏ္ဏာသူဌေးကြီးက ငါတို့အားလုံးကို အဆုံးစီရင်ပစ်လိမ့်မယ်"

"အို... မမရယ်။ ဥတ္တရာလေးကန်တော်ထဲမှာ ရေများ နစ်သွားပြီလား"

"အေး... ဥတ္တရာသာ ရေနစ်သွားရင် နင်တို့အားလုံး အသက်ကို ဖက်နဲ့ထုပ်ထားကြပေတော့"

ကျွန်အပျိုတော်များကတော့... ဘာမျှ မသိ

www.burmeseclassic.com

www.burmeseclassic.com



သေး။ ကြာပန်းချိုးကြ၊ ရေကူးကြ။ တစ်ယောက်နှင့်တစ်ယောက် ရေပက်ကစားကြနှင့် ပျော်နေကြသည်။

"ဟဲ့... မာလာတို့... စိတ္တာတို့... ပဘာတို့ သိပ်ကဲမနေကြနဲ့။ ဒီကို မြန်မြန်လာကြစမ်း။ သခင်မလေးဥတ္တရာ ပျောက်နေလို့"

"ဟင်... မမ၊ အို... ဒုက္ခပါပဲ"

"ဟဲ့... ဒုက္ခပါပဲ လုပ်မနေနဲ့၊ ပဘာက ကမ်းပေါ် တက်ကြည့်စမ်း။ ကျန်တာတွေက ရေထဲမှာရှာ"

အားလုံးထိတ်ထိတ်ပျာပျာနှင့် အပြေးအလွှား ရှာဖွေကြသည်။

အထိန်းတော်ကြီးက သူ့နေရာ ရေထဲမှာပင် ရပ်ရင်း ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်... မတွေ့။

"သခင်မလေး ဥတ္တရာဟာလည်း ဆိုးကျွမ်းပါတယ်။ ရေနစ် မသေနိုင်ပါဘူး။ ငါတို့ကို ကျီစယ်ချင်လို့များ ပုန်းနေတာလား။ အင်း... ဒါဖြစ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အထိန်းတော်ကြီးက စဉ်းစားဉာဏ်ရှိသည်။

"ဘယ်မှာပုန်းမလဲ။ ဟုတ်ပြီ... ငါသိပြီ"

အထိန်းတော်ကြီးသည် ရေကန်အလယ်သို့ ရေကူးသွားသည်။ ကန်အလယ်တွင် ပဒုမ္မာကြာပွင့်ကြီး သုံးပွင့်ဆိုင်၍ အလှချင်းပြိုင်နေကြသည်။ အထိန်းတော်ကြီးက ကြာပွင့်ကြီးများကို ညင်ညင်သာသာဘေးသို့ ဆွဲဖယ်လိုက်သည်။

"ဟင်... မမ ခေမာ"

ကြာပွင့်ကြီးများ၏အလယ်မှ ပြုံးရွှင်စွာဖြင့် လှပနေသော ဥတ္တရာ၏မျက်နှာလေး ဘွားခနဲပေါ်လာသည်။

"အို... ပဒုမ္မာကြာပွင့်တကာတို့ထက် ပိုပြီးလှတဲ့ သခင်မလေး ဥတ္တရာရယ်။ "

× × ×

www.burmeseclassic.com

www.burmeseclassic.com



ရေကစား၍ ငြီးငွေ့သောအခါ ဥယျာဉ်တော်ထဲတွင် ပန်းရူးတမ်း၊ ပန်းသီတမ်း ကစားကြပြန်သည်။

အလှဆုံးဖြစ်သော... ဥတ္တရာလေး၏ လည်တိုင်တွင် အလှဆုံးဖြစ်သော ပန်းကုံးများကို သူ့ထက်ငါ လုယက်ကာ ဆင်မြန်းပေးကြသည်။

ပန်းကုံးရောင်စုံတို့သည် ဥတ္တရာ၏ ရင်ပေါ်၌ လှပစွာ တွဲလဲခိုနေကြသည်။ ဥတ္တရာထိုင်နေသည်က ပန်းမွေ့ယာ...။ ဥတ္တရာဘေးမှာလည်း ရောင်စုံပန်းတွေ အစုစုအပုံပုံ။

အထိန်းတော်ကြီးခေမာက ပန်းတွေကြားမှ သူ့သခင်မလေးကို ချစ်ခင်စွာကြည့်၍မဝ။

"အို... ပန်းတကာတို့ထက်လှတဲ့ သခင်မလေး ဥတ္တရာရယ်"

ဥတ္တရာလေးရှက်သွေးဖျန်း၍ ပါးနုရောင်သန်းသွားသည်က တကာယ်ပန်းအလှ။

www.burmeseclassic.com

www.burmeseclassic.com



"မမက သိပ်ပြောတတ်တာပဲ... ။ ဖခင်သူဌေးကြီးကို ဆုချီးမြှင့်အောင် ဥတ္တရာပြောပေးမယ်နော်"

"ဟင့်အင်း... မလိုချင်ပါဘူး ကလေးရယ်။ မမရင်ထဲ ရှိတဲ့အတိုင်း ပြောတာပါ။ သခင်မလေး ပေးမယ်ဆိုရင် တစ်ခုသာ တောင်းချင်ပါတယ်"

"ဘာလဲမမ... တောင်းလေ"

"လာ... ဟိုမှာ ပန်းနွယ်ဒန်းစီးရင်း ပြောမယ်နော်"

အထိန်းတော်ကြီးက ဥတ္တရာ၏ နူးညံ့သော လက်ကလေးကို ဆွဲယူလိုက်သည်။ ကလေးနှယ် သီကာရီပါလာသော ဥတ္တရာကို ဒန်းပေါ်သို့မတင်၍ ညိမ့်ညိမ့်လေး လွှဲပေးသည်။

ပန်းနွယ်ဒန်းမှ ရောင်စုံပန်းများကလည်း ဥတ္တရာနှင့်အတူ ညိမ့်အေးလျက်...

"တောင်းလေ... မမ"

ဥတ္တရာက ပေးချင်လှပြီ။

"အင်း... မမလေ။ မိန်းမလှလေးတွေကို အများကြီးတွေ့ဖူးပါတယ်။ ဒါပေမဲ့ တချို့အလှ

www.burmeseclassic.com

www.burmeseclassic.com



က မာတယ်၊ တချို့ အလှက ပူတယ်၊ တချို့အလှ ကျတော့လည်း နွမ်းလျနေသလိုပဲ။ သူတို့မျက်နှာ ပေါ်မှာ အလှဖျက်တဲ့အရိပ်ကလေး တစ်ခုခုသန်း နေတတ်တယ်။ သခင်မလေးရဲ့ မျက်နှာကတော့ လှရုံ၊ ယဉ်ရုံမကဘူး... အမြဲတမ်းကြည်လင်အေးမြ ပြီး... ပန်းကလေးလိုလန်းနေတာ ဘယ်လိုနည်း ကောင်းများ ရှိလဲလို့"

"အင်း... ရှိတယ် မမရဲ့..."

အထိန်းတော်ကြီး... အသိခက်နေသော လျှို့ဝှက်ချက်ကို ဥတ္တရာက... လွယ်လွယ်ပင် ဖွင့်ပြောဖို့ အသင့်။

"ရှိရင်... အဲဒီနည်းကောင်းကို ပေးပါလို့ တောင်းချင်တာပါ သခင်မလေးရယ်"

"မေးမယ်... ပေးမယ်။ မမရအောင်ယူနော်"

ဥတ္တရာက... ရက်ရောသည်...။ အမြဲပင် ပေးချင် ကမ်းချင်နေသည်။

"ရအောင်ယူမှာပေါ့ သခင်မလေးရယ်"

အထိန်းတော်ကြီးက နားဆင်လျက်...

"ဥတ္တရာလေ... မေတ္တာဘာဝနာကို အမြဲ

www.burmeseclassic.com

www.burmeseclassic.com



တမ်း ပွားများတယ် မမရဲ့။ သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေလို့ မေတ္တာပို့ပါတယ် မမရယ်။ ဒါပေမဲ့... နှုတ်ဖျားကတင် ပြောတာမဟုတ်ဘူးနော်... တကယ် ရင်ထဲကပါ လှိုက်လှိုက်လှဲလှဲ ချစ်ခင်မေတ္တာထားရမှာ..."

"အို... ကောင်းလိုက်တာ သခင်မလေးရယ်။ မမလည်း သခင်မလေးပြောတဲ့အတိုင်း လုပ်ဦးမယ်"

"လုပ်ကြည့်လေ မမ... သူက မေတ္တာဖျက် ရင်တောင် ကိုယ်က မပျက်နဲ့"

"ကောင်းလိုက်တာ ဥတ္တရာလေးရယ်"

အထိန်းတော်ကြီးမှာ ရင်ထဲက ဝမ်းသာစိတ်ကြောင့် ဒန်းကို ပို၍အားပြင်းစွာလွှဲမိသည်။

ဥတ္တရာ၏ ပဝါအင်္ကျီ၊ ဆံပင်တို့မှာ လေအသင့်တွင် လွင့်နေသည်။

"ဒါကြောင့်မို့... တို့သခင်မလေးက ဒီလောက် ချစ်စရာကောင်းနေတာကိုး"

မာလာနှင့် ပဘာကလည်း ဒန်းကို ကူလွှဲကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင် ရယ်မောနေသော ဥတ္တရာ၏ မျက်နှာလေးမှာ အေးမြကြည်လင်နေ၍ မြင်သူ တကာတို့ မချစ်ဘဲမနေနိုင်။

ထိုအချိန်တွင်... ဖခင်ပုဏ္ဏသူဌေးကြီးနှင့် အတူ သုမနသူဌေးကြီးသည် ပန်းခြံအတွင်းသို့ လမ်းလျှောက်ရင်း ရောက်လာကြသည်။

"အလို... ပုဏ္ဏသူဌေးကြီး။ ဟိုဒန်းပေါ်က မိန်းကလေးဟာ ချောလိုက်... ယဉ်လိုက်... ကျက်သရေရှိလိုက်တာဗျာ..."

ပုဏ္ဏသူဌေးကြီးက... လှမ်းကြည့်ပြီး ပြုံး လိုက်သည်။

"အဲဒါ ကျွန်တော့်သမီး ဥတ္တရာလေ သူဌေး ကြီးရဲ့"

"ဗျာ... အဲဒါ ပုဏ္ဏသူဌေးရဲ့သမီး ဥတ္တရာ ဟုတ်လား"

"ဟုတ်ပါတယ်... သူဌေးကြီး"

သုမနသူဌေးကြီး အံ့သြနေသည်။

"အင်း... ဥတ္တရာလေးက ဒီအရွယ်ရောက် ပြီး ဒီလောက် လှနေပြီကိုး။ အင်း... ကျုပ်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘဝအဆက်ဆက်က ရေစက်ပဲ ထင်ပါရဲ့သူဌေး ကြီးရယ်။ သူ့ကိုမြင်တာနဲ့ သမီးရင်းအသွင် ချစ်ခင်မိတယ်ဗျာ။ ကျုပ်သားမောင်နန္ဒနဲ့ လက်ထပ်ပေးပြီး သမီးလိုချစ်နိုင်ဖို့ ပုဏ္ဏာသူဌေးကို တောင်းခံရတော့မှာပဲ"

"အို... သူ့သား မောင်နန္ဒနဲ့"

ပုဏ္ဏာသူဌေး၏ရင်တွင်းမှာ တုန်လှုပ်သွားမိသည်။

"သီးချိန်တန် သီး၊ ပွင့်ချိန်တန် ပွင့်" "သမီးကညာ အခါမလင့်စေနှင့်" ဆိုသည်ကို ပုဏ္ဏာသူဌေးကြီး နားလည်ပါသည်။ သုမနသူဌေးနှင့် စီးပွားရေးလုပ်ငန်းချင်း ဆက်သွယ်ပြီး လူချင်းရင်းနှီးသည်လည်း မှန်ပါသည်။ သူ့ကျေးဇူးတွေလည်း များစွာရှိခဲ့ဖူးပါသည်။ သို့သော်... ခက်နေသည်က သူတို့ ကိုးကွယ်သည်မှာ မိစ္ဆာဒိဋ္ဌိ။

"ဘယ်လိုလည်းသူဌေးပုဏ္ဏာ... ပြောပါဦး"

သုမနသူဌေးကြီးက မေးနေပြီ။

"ဩော်... အင်း... ကျွန်တော့်သမီးလေးကငယ်ပါသေးတယ် သူဌေးကြီးရယ်...။ ဆော့လို့...

www.burmeseclassic.com



ကစားလို့တောင် အားမရသေးပါဘူး။ ကျွန်တော် လည်း အလှကြည့်လို့ မဝသေးပါဘူး"

သုမနသူဌေးကြီး မျက်နှာတင်းသွားသည်။ ငြင်းလိုသော စကားအသွားအလာကို လူပါးမို့ ရိပ်မိ၏။

သူ့ဆန္ဒကို ဆန့်ကျင်ရဲမည် မထင်သူက ဆန့်ကျင်ပြလိုက်၍ သူ့မာနက မြွေဟောက်လို ပါးပျဉ်းထလာသည်။

"အို... ပုဏ္ဏသူဌေး... အခု သင့်ကို တောင်းဆိုနေတာ ဘယ်သူလဲဆိုတာကို သင်သိပါ တယ်နော်"

"ဟုတ်ကဲ့... သိပါတယ်။ သုမနသူဌေးကြီး ပါ"

"အသင်ပုဏ္ဏ... သင်ဟာ ငါရဲ့ ကျေးဇူးတွေ ကို မေ့သွားပြီလား။ သင်ဟာ... ငါ့ရဲ့ လယ်ယာ လုပ်သားဖြစ်ခဲ့တဲ့ ဘဝကို မေ့သွားပြီလား"

"မမေ့ပါဘူး... သူဌေးကြီး"

"ဒါဖြင့်... သင့်သမီးနဲ့ ငါ့သား ပေါက်ထပ်ဖို့ ကိစ္စ တောင်းဆိုတာမှာ ဘာဖြစ်လို့ မလိုတဲ့စကား

www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောနေရတာလဲ။ အခု မြင်နေရတဲ့ သင့်သမီး ဥတ္တရာဟာ လက်ထပ်ဖို့ အရွယ်ရောက်နေပြီ ဆိုတာကို လူတိုင်းသိပါတယ်”

“အို... ဒါ... ဒါကိုတော့ ဟို... ခွင့်လွှတ်ပါ သူဌေးကြီး”

ကြောက်ရွံ့လျက်ပင် ပုဏ္ဏသူဌေးအား တင်း၍ ငြင်းလိုက်ရသည်။

“ဘာ... ခွင့်လွှတ်ပါ ဟုတ်လား”

အရှိန်အဝါနှင့် ဖိသည်ကိုပင် ငြင်းဆန်ရဲသော ပုဏ္ဏအား အံ့ညြရုံမက ဒေါသလည်း ဖြစ်ရပြီ။ သုမနသူဌေးကြီး၏ မျက်နှာ ရုတ်ချည်းပင် ကြမ်းတမ်းခက်မာ၍ နှုတ်ခမ်းများ တဆတ်ဆတ် လှုပ်လာသည်။

“သင်ဟာ ငါ့ရဲ့ အခစားအလုပ်သမားဘဝ ကနေ သူဌေးဖြစ်လာပြီးမှ ငါ့ကျေးဇူးကို မထောက် တဲ့သူ... ဟင်း... ငါ့အကြောင်း သိစေမယ်”

သုမနသူဌေးကြီးသည် ကျွဲရိုင်းတစ်ကောင် ၏ ဒေါ့ခတ်တော့မည့် ခက်ထန်မှုမျိုးဖြင့် ဉယျာဉ် ထဲမှ ပြန်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရုံပေါ်မှ ပန်းရည်စုပ် ငှက်ကလေးများပင် ထိတ်လန့်တုန်လှုပ်စွာ ပျံပြေးသွားကြသည်။

ဥတ္တရာအတွက် ပန်းခူးနေသော စိတ္တာသည် သုမနသူဌေးကြီး ဒေါသဖြစ်သည်ကို ကြားလိုက် မြင်လိုက်ရ၍ ငှက်ကလေးများလိုပင်... လန့်ဖျပ်ပြီး ဥတ္တရာထံ ပြေးသွားလေသည်။

"ဟဲ့... စိတ္တာ... ပန်းရည်စုပ်ငှက်ကလေးတွေ ဘာကြောင့်လန့်ပျံကြတာလဲ၊ ဒီဥယျာဉ်ထဲမှာ ငှက်ကလေးတွေကို ဘယ်သူက လန့်အောင်လုပ်တာလဲ"

"သုမနသူဌေးကြီးပါ... သခင်မ"

ဥတ္တရာမေးသည်ကို ဖြေသော စိတ္တာ၏ အသံလေးများ တုန်ခါ၍နေ၏။

"အို... သူဌေးကြီးကို ငှက်ကလေးတွေက ဘာလို့လန့် ရတာလဲ"

"မှန်လှပါသခင်မ... သုမနသူဌေးကြီးက သခင်မကို သူ့သားမောင်နန္ဒနဲ့ ထိမ်းမြားလက်ထပ်ဖို့ သခင်မရဲ့ ဖခင် ပုဏ္ဏသူဌေးကြီးကို ပြောပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို... ဘုရား... ဘုရား"

ဥတ္တရာလည်း ငှက်ကလေးများနှယ်ပင် ထိတ်လန့် တုန်လှုပ်စွာ ဒန်းပေါ်မှ ဆင်း၍ ရင်ကို လက်နှစ်ဖက်ဖြင့် ဖိထားမိသည်။

"သူတို့က... မိစ္ဆာဒိဋ္ဌိအယူရှိသူတွေ မဖြစ် နိုင်ပါဘူး စိတ္တာရယ်"

"ဟုတ်ပါတယ် သခင်မ... ။ အဲဒါကြောင့် သခင်မရဲ့ ဖခင် ပုဏ္ဏသူဌေးကြီးက ငြင်းလိုက်လို့ သုမနသူဌေးကြီး ဒေါသဖြစ်သွားတာပါ"

"ဩော်... ဖခင်က ငြင်းလိုက်သလား၊ တော်ပါသေးရဲ့ စိတ္တာရယ်"

အထိန်းတော်ကြီး ခေမာကတော့... သက်ပြင်းတစ်ချက်ကို မသိမသာလေး ချလိုက် သည်။

"အင်း... ဒါပေမဲ့... ငှက်ကလေးတွေ လန့်ပြီး ပျံပြေးရတာတော့ မကောင်းဘူး သခင် မလေးရယ်"

အထိန်းတော်ကြီးက နှောင်ရေးကို ဖွဲ့၍ စိုးရိမ်ပူပန်ရှာ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏာသူဌေးကြီး... သူဌေးကတော်ကြီး... သမီးဥတ္တရာနှင့် ခြွေရံသင်းပင်းတို့သည် ရဟန်းတော်များအား လှူဒါန်း ဆက်ကပ်ရန်အတွက် အရဏ်တက်အချိန်ကပင် ထ၍ ချက်ပြုတ်ပြင်ဆင်ကြ၏။

နံနက်ခင်းမှာ... နေမင်း၏ အလင်းယပ်တောင် ဖြန့်ချိန်တွင် ကြွလာကြကုန်သော ရဟန်းတော်တို့အား နေရာထိုင်ခင်းပေးခြင်း၊ ဆွမ်းလုပ်ကျွေးခြင်း၊ လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းခြင်း စသည့်ဒါနမှုကို ပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်သားအားလုံးမှာ ထက်သန်သော စေတနာသဒ္ဓါ တရားကြောင့် မောသည်မထင်၊ ပန်းသည်မသိ လစ်ဟင်းမည်ကိုသာ စိုးရိမ်မိ၍ တစ်ယောက်ကိုတစ်ယောက် သတိပေးနေကြ ရ၏။

"သမီး ဥတ္တရာရေ... ရဟန်းတော်တွေ အတွက် ဘာမှမလစ်ဟင်းပါစေနဲ့ကွယ်... ဂရုစိုက်"

"ကောင်းပါပြီ ဖခင်... စိတ်ချပါ။ စိတ္တာ ရေ... ဒီဘက်ကို ယာဂုယူခဲ့ပေးပါဦး"

"ဟုတ်ကဲ့... လာပါပြီ။ သခင်မလေး..."

"မမခေမာ ကျောင်းတော်ကို ပြန်ကြွတဲ့ ရဟန်းတော်များအတွက် စတုမဓု လှူတာ လောက်ပါ့မလား ထပ်ယူထားဦးလေ..."

"လောက်ပါတယ် သခင်မလေး... မာလာ နဲ့ ပဘာလည်း သွားယူနေကြပါပြီ"

နေအတော်မြင့်မှပင် ရဟန်းတော်များအား လှူဒါန်း ဆက်ကပ်ခြင်းအမှု ပြီးစီး၏။

အခိုင်းအစေများက ဆေးကြောသိမ်းဆည်း ကြချိန်တွင် ပုဏ္ဏသူဌေးကြီးနှင့် မိသားစုမှာ

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ဒါနကို ပရစေတနာ သဒ္ဓါတရားပွားများ၍ ကြည်နူးကျေနပ်နေကြ၏။

"အင်း... ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးကို နေ့စဉ်လှူဒါန်းပူဇော်ရတာ ဝမ်းသာ ကြည်နူးစရာကောင်းပါပေတယ်"

ဥတ္တရာ၏ ရင်မှာ... ဒါနအတွက် ပီတိ ဖြာလျက်။

"အင်း... အမိတို့မှာ မရှိရှားပါးစဉ်ကတောင် သဒ္ဓါတရား အားကောင်းခဲ့လို့ အလှူဒါနအကျိုးနဲ့ ခုလို ချမ်းချမ်းသာသာ နေရတာသမီး... ။ အခု ပြည့်စုံတဲ့ဘဝမှာ သဒ္ဓါတရားကို ပွားသည်ထက် ပွားပါစေ"

"ကောင်းပါပြီ မိခင်... မနေ့က သုမန သူဌေးကြီးရဲ့ ဆန္ဒကိုသာ ဖခင်လိုက်လျောခဲ့ရင် သမီး... ဒီလိုလှူခွင့်ရမှာ မဟုတ်တော့ဘူးပေါ့"

ပုဏ္ဏသူဌေးကြီးက ခေါင်းညိတ်ပြရင်း... သမီးဥတ္တရာ၏ မျက်နှာလေးကို ချစ်မဝစွာကြည့် လိုက်သည်။ ပြီးမှ... ဇနီးသူဌေးကတော် ဘာရိတာ ဘက်သို့လှည့်၍ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သုမနသူဌေးကြီးကိုတော့... အားနာစရာကောင်းတာပေါ့။ သူ့ကို မီှခိုအားထားခဲ့ရတဲ့ကျေးဇူးတရားတွေလည်း ရှိခဲ့သေးတာကိုး။ သူ့သားမောင်နန္ဒဟာလည်း တခြားကိစ္စတွေမှာတော့... ငြင်းစရာ ဘာမှမရှိပါဘူး...။ သူဌေးမျိုးရိုးကဆင်းသက်သူဖြစ်တယ်။ ရုပ်ရည်ရူပကာလည်း ပြည့်စုံတယ်။ ဒါပေမဲ့... ဘာသာအယူ မတူတော့ ခက်တာပေါ့"

"မနေ့က သုမနသူဌေးကြီး တော်တော်ဒေါသကြီးသွားတယ်ဆိုတော့... ကျွန်မတို့ကိုများ ဘယ်လိုဒုက္ခပေးနိုင်မလဲ အရှင်"

သူဌေးကတော်ကြီးက မိန်းမသားပီပီ စိုးရိမ်ရှာသည်။ အစဉ်အလာကလည်း ကြောက်ခဲ့ရသူမို့ အရှိန်အဝါ၏ လွှမ်းမိုးမှုက ရှိနေဆဲဖြစ်သည်။

အဲဒီအတွက်တော့... ဘာမှမစိုးရိမ်ပါနဲ့ ရှင်မ ဘာရိတာ... ငါတို့ အခုရထားတဲ့ စည်းစိမ်ချမ်းသာဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကြည်ညိုမြတ်နိုးတဲ့ ဂုဏ်ကျေးဇူး၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို ရှင်မ

www.burmeseclassic.com



ရော… ငါကိုယ်တိုင်ပါ သဒ္ဒါတရားကြီးမားစွာ လှူဒါန်းခဲ့ကြတဲ့ ဆွမ်းအလှူ၊ ရေအလှူက အကျိုးပေးခဲ့တာပဲ။ သုမနသူဌေးထားလို့ ရှင်ဘုရင်ကိုယ်တိုင်တောင် ကျုပ်တို့ရဲ့ ကုသိုလ်ကံ အကျိုးပေးကို သိမ်းယူလို့မရခဲ့တာ ရှင်မအေသိပဲ”

သူဌေးကတော် ဘာဝရီတာ ကျေနပ်စွာ ခေါင်းညိတ်ရင်း… တောတန်းလေးဆီမှ ကြွလာနေသော ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို မြင်ယောင်၍ ရှိသေသဒ္ဒါစိတ်များ ယိုဖိတ်လာမိသည်။

ပုဏ္ဏာသူဌေးကြီးကိုယ်တိုင်လည်း ရှေ့ဆီသို့ ငေးမျှော်ကြည့်နေရင်းမှ ပြုခဲ့ကြသော ကောင်းမှုများနှင့်တကွ ဒိဋ္ဌဓမ္မ အကျိုးရပုံများကို ပြန်လည် မြင်ယောင်နေမိသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်မြို့ကြီးတွင်... တီးသံ၊ မှုတ်သံတို့ဖြင့် ခြိမ့်ခြိမ့်ညံနေ၏။ တစ်မြို့လုံးနီးပါးမှ မြို့သူမြို့သားတို့သည် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထား၍ မြူးကြွနေကြသည်။ တောင်ထိပ်သဘင်နက္ခတ်ပွဲသို့သွား၍ ပျော်ရွှင်စွာ ဆင်နွှဲရန် ပြင်ဆင်နေကြခြင်း ဖြစ်သည်။

သုမနသူဌေးကြီး၏ လယ်ယာလုပ်သားစာရင်းငှားများလည်း အားလုံးနီးပါး တောင်ထိပ်ပွဲသဘင်သို့ လိုက်ပါကြ၍ လယ်ယာအလုပ်မှာ လုပ်ကိုင်မည့်သူမရှိ ဖြစ်နေသည်။

သူဌေးကြီးသည် ခြံဝင်းထဲမှ ကုန်းမြင့်ပေါ်ရှိ တိုက် အိမ်ရှေ့မှာရပ်၍ တောင်ထိပ်နက္ခတ်ပွဲသဘင်သွားကြသူများကို လှမ်းမျှော်ကြည့်နေသည်။

ထိုအချိန်တွင်... ခြံဝင်းထဲသို့ အလုပ်သမားတစ်ဦး ဝင်ရောက်လာ၏။ အဝတ်အဆင်က... နွမ်းနွမ်းပါးပါး။

"ဟဲ့... ပုဏ္ဏပါလား"

"မှန်ပါတယ် သူဌေးကြီး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့မိသားစုရော အများသူငါ မြို့သားတွေလို တောင်ထိပ်ပွဲ မသွားကြဘူးလား"

"မသွားနိုင်ပါဘူး သူဌေးကြီး... တောင်ထိပ်သဘင် နက္ခတ်ပွဲသွားဖို့ဆိုတာ ငွေကြေးပြည့်စုံသူများသာ ကောင်းတာပါ...။ ကျွန်တော့်မှာ... မနက်ဖြန်အတွက် ချက်စရာဆန်ပင် မပြည့်စုံပါဘူး။ တစ်နေ့လုပ်မှ တစ်နေ့စားဖို့ရတာပါ"

"ဒါဖြင့်... မင်း ဒီနေ့လယ်ထဲမှာ အလုပ်ဆင်းဖို့ လာတာလားကွ"

"မှန်ပါတယ် သူဌေးကြီး"

"ကောင်းတာပေါ့ကွာ...။ မင်းက အလုပ်ကြိုးစားတဲ့ လူပဲ... မင်းလုပ်သလောက် မင်းရမှာပေါ့။ ကြိုက်ရာ နွားတစ်ရှဉ်းကို ယူသွားလုပ်ပေတော့"

သူဌေးကြီး၏ ခွင့်ပြုချက်ရသည်နှင့် သူဆင်းရဲပုဏ္ဏားသည် အသန်ဆုံး နွားတစ်ရှဉ်းနှင့် ထွန်ထည်တို့ကိုယူ၍ လယ်တောသွားရန် ပြင်ဆင်သည်။ ပြီးမှ... ဓနီးရိုရာ သူဌေးကြီးအိမ် ခြံဝင်းနောက်ဘက်မှ တဲဆီသို့သွားသည်။

www.burmeseclassic.com



"ရှင်မရေ... ငါတော့ ဒီနေ့ ခါတိုင်းထက် နှစ်ဆပြီးအောင်လုပ်မယ်ဟော့... ရှင်မကလည်း ငါ့ဖို့ ခါတိုင်းထက် နှစ်ဆထမင်းချက်ပြီး ပို့ပေတော့"

"ကောင်းပါပြီအရှင် ပို့ပါမယ်"

လိမ္မာသော ဇနီးဖြစ်သူ ဘာရိတာက နက္ခတ်ပွဲသဘင် မသွားရကောင်းလားဟု လင်ကို ငြူစူခြင်းမရှိ။ လင်က တောသွား၍ အလုပ် လုပ်သလို မယားက ချက်ရေးပြုတ်ရေး အိမ်မှုကိစ္စကို ဆောင်ရွက်၏။

အပျိုဖော်ဝင်စ သမီးလှ ဥတ္တရာမှာ လှချင် ပချင် ပျော်ချင် ပါးချင်သောအရွယ်ဖြစ်သော်လည်း လိမ္မာသော သမီးဖြစ်၍ မိဘကို စိတ်ဆင်းရဲအောင် မပြု။ နက္ခတ်ပွဲသဘင်သို့ သွားလိုကြောင်း စကားဦးမျှ မသမ်း။ မိဘနှစ်ပါးကို ကူညီ၍ အေးချမ်းစွာ နေရှာ၏။

ပုဏ္ဏသည် ဇနီးနှင့်သမီးကို နှုတ်ဆက်ပြီး သည်နှင့် မနက်စောစီးစွာပင် လယ်တောသို့ ထွက်ခဲ့၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှာပင် မြတ်စွာဘုရား၏ လက်ယာတော်ရံ တရားစစ်သူကြီး ရှင်သာရိပုတ္တရာ ရဟန္တမထေရ်မြတ်ကြီးသည် (၇)ရက် ပတ်လုံး နိရောဓသမာပတ် ဝင်စားတော်မူရာမှ ထတော်မူသည်ဖြစ်၍ ဘုရားအစရှိသော ရတနာသုံးပါး၌ ကြည်ညိုသဒ္ဓါရှိသူတို့အား ပြုသောကုသိုလ်ကံအလျောက် ချီးမြှောက်နိုင်စေရန် သင်္ကန်းကို သပ္ပာယ်စွာဆင်မြန်း၍ သပိတ်ကိုယူပြီး ကြွတော်မူရာ ပုဏ္ဏာလယ်ထွန်ရာ တောအရပ်သို့ ရောက်ရှိလာ၏။

ပုဏ္ဏာလယ်ထွန်နေသည်နှင့် မလှမ်းမကမ်းမှ တောစပ်တွင် ကြည်လင်သန့်ရှင်းသော ရေကန်တစ်ခု ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်သာရိပုတ္တရာသည် ရေကန်ဘေးမှ သစ်ပင်ခြုံငယ်တစ်ခုအနီးမှာ ရပ်တော်မူ၏။

"အို... ရဟန်းတော်အရှင်သူမြတ်ပါလား"

ကြည်ညိုဖွယ်ရာ ဣန္ဒြေတော်နှင့် ရပ်တော်မူနေသော ရှင်သာရိပုတ္တရာ မထေမြတ်ကြီးကို ဖူးမြင်ရသည်နှင့်ပင် ပုဏ္ဏာရင်ထဲမှာ ရှိသေသဒ္ဓါကြီးစွာ ဖြစ်ပေါ်လာ၏။

လယ်ထယ်ခြင်းအလုပ်ကို ခေတ္တထားခဲ့၍ မထေရ်မြတ်ရှိရာသို့ ရောက်လာသည်။ မထေမြတ်ကြီးကို ငါးပါးသော ထိခြင်းဖြင့် ရှိသေစွာ ကန်တော့၏။

မိမိမှာ လှူစရာတမ်းစရာ ဆွမ်း စသည်လည်းဘာမျှ မရှိ။ သို့သော်... မထေရ်ကြီးကို လှူလိုသော စေတနာသဒ္ဓါစိတ်က ထက်သန်နေ၏။

"ငါ... ဘာများ လှူရရင်ကောင်းမလဲ"

လှူစရာကို ရှာကြံစဉ်းစား၏။

"နံနက်ခင်းအတွက် သွားတိုက်ပေးပူကို လှူရလျှင် မထေရ်ကြီး အလှူခံလိုပေမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မှန်းဆ၍ သင့်လျော်ရာ သစ်ခက်ကို အဆင်ပြေအောင် ဖြတ်တောက်... တံပူပြုလုပ်၍ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ရိုသေစွာ ဆက်ကပ်လှူဒါန်းသည်။

မထေရ်ကြီးက တံပူကို အလှူခံတော်မူပြီးနောက်... ပုဏ္ဏအား သပိတ်နှင့် ရေစစ်ကို ပေးသည်။

ပုဏ္ဏ သပိတ်နှင့် ရေစစ်ကိုယူ၍ ရေကန်မှ ရေကြည် ရေအေးကို သန့်စင်စွာစစ်ပြီး သပိတ်မှာ ထည့်၍ ရှင်သာရိ ပုတ္တရာမထေရ်ကြီးကို ကပ်လှူသည်။

မထေရ်မြတ်က ကပ်လှူသော ရေကို သုံးဆောင်ပြီး ပုဏ္ဏ၏ဇနီးဘာရိတာ ထမင်းပို့လာချိန်နှင့် ခန့်မှန်း၍ လာလမ်းအတိုင်း ကြွတော်မူသည်။

ဘာရိတာသည် ခင်ပွန်းဖြစ်သူ ပုဏ္ဏအား ထမင်းပို့ရန် ထမင်းတောင်းကိုရွက်လာရာ မျက်နှာချင်းဆိုင်မှ ကြွလာနေသော ရှင်သာရိပုတ္တရာ မထေရ်ကြီးကို တွေ့မြင်သည်နှင့် လမ်းဘေးသို့ ဆင်း၍ ထမင်းတောင်းလေးကိုချပြီး ရိုသေစွာ ကန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးယခင်က မထေရ်မြတ်ကို တွေ့မြင်ပါလျက် လှူစရာ မပါ၍ မလှူခဲ့ရ၊ ယနေ့တော့... မထေရ်မြတ်ကို ဖူးမြင်ရသည်။ တောင်းထဲမှာလည်း လှူစရာ ဆွမ်းဘောဇဉ် အဆင်သင့် ပါရှိသည်။ ကြုံကြိုက်ခဲလှသည်။ ယနေ့ မလှူလျှင် လှူခွင့် ကြုံမည်မဟုတ်ဟု ဆင်ခြင်၍ ကြုံကြိုက်စဉ်မှာ လှူရန်ဆုံးဖြတ်လိုက်သည်။

"အရှင်မြတ်ဘုရား တပည့်တော်မ မိသားစုကို သနားငဲ့ညှာသောအားဖြင့် ဤဆွမ်းဘောဇဉ်ကို ညှိသည်၊ ကောင်းသည် သဘောမထားဘဲ အလှူခံတော်မူပါဘုရားဟု" လျှောက်ထား၍ လှူဒါန်းတော်မူသည်။

ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက သပိတ်အဖုံးကို ဖွင့်၍ ဆွမ်းအလှူကို ခံယူတော်မူသည်။

တစ်ဝက်ခန့် လောင်းလှူပြီးသော် ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကိ သင့်တန်ပြီဟု သပိတ်ကို ဖုံးမည်ပြု၏။ ထိုအခါ ဘာရိတာက

"အရှင်မြတ်ဘုရား... တစ်ယောက်စာ လောက်ရုံမျှသာရှိသော ဤဆွမ်းကို ချန်ထားခြင်း

www.burmeseclassic.com

www.burmeseclassic.com



ငှာ မသင့်ပါ။ တပည့်တော်မအား ယခုလောလောဆယ်အတွက် ငဲ့ညှာတော်မမူပါနှင့်။ နောင်အခါ သံသရာ ကောင်းကျိုးအတွက်... စောင့်ရှောက် ချီးမြှောက်သောအားဖြင့် အလှူခံတော်မူပါဘုရား” ဟု လျှောက်ထား၍ ဆွမ်းအားလုံးကို အကြွင်း မထားဘဲ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်း လိုက်၏။

“ဤကောင်းမှု၏ အကျိုးကြောင့် ဆင်းရဲခြင်းမှ လွတ်ကင်း၍ အရှင်ဘုရားတို့ သိသော မြင်အပ်သော တရားသာလျှင် အဖို့ရှိသည်ဖြစ်ပါစေသား အရှင်ဘုရား”

ဘာရိတာ ဆုတောင်း၏။

“သင်... ဒါယိကာမ တောင်းတဲ့ဆုနဲ့ ပြည့်စုံစေ”

ရှင်သာရိပုတ္တရာ ဆုပေး၍ ကြွတော်မူ၏။

ဘာရိတာသည် ပြုလိုက်ရသော အလှူကောင်းမှုအတွက် ဝမ်းမြောက်ဝမ်းသာ ပီတိဖြာလျက် အရှင်မြတ်ကြီး ကြွတော်မူသွားရာသို့ ဖူးမြော်ကြည်ညိုလျက် ကျန်ရစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မြတ်ကို မတွေ့မြင်ရတော့မှ လင်ဖြစ်သူအတွက် ထမင်းပြန်ချက်ရန် သတိရပြီး ကပျာကယာ တောင်းကလေးကို ခေါင်းမှာ ရွက်ပြီး အိမ်သို့ အမြန်ပြန်ခဲ့သည်။

အိမ်ရောက်သည်နှင့် ထမင်းချက်သည် သမီးငယ် ဥတ္တရာက မီးခင်ကို ကူညီ၏။ ထမင်းကျက်သည်နှင့် လင်ရှိရာ လယ်တောဆီသို့ အမြန်ဆုံးလာခဲ့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



သူမနသူဌေးကြီး၏ လယ်တောတစ်ခွင်မှာ ပုဏ္ဏာတစ်ယောက်သာလျှင် လယ်ထည်လျက်ရှိ၏။ အခြားသူများမှာ တောင်ထိပ်နက္ခတ်သဘင်ပွဲသို့ သွားနေကြပြီ။ ပုဏ္ဏာတစ်ယောက်တည်း အလုပ်လုပ်ရသည်မှာ ခရီးတွင်လှ၏။ နွားတစ်ရှဉ်းကလည်း အကောင်းဆုံးကို ရွေးယူလာခဲ့ခြင်းဖြစ်သည်။

နေအတော်မြင့်သောအခါ... ဗိုက်က ဆာလာ၏။ ဇနီးသည်ဘာရိတာ ထမင်းပို့လာမည့် တောတန်းဘေးမှ လမ်းကလေးဆီသို့ လှမ်းမျှော်သည်။ ဘာရိတာ၏ အရိပ်အယောင်ကိုပင် မမြင်ရ။ ထမင်းပို့ နောက်ကျနေပြီ။

"ဘာရိတာ... ဘာဖြစ်လို့ပါလိမ့်"

ခါတိုင်းထက် ဗိုချက်ပြီး ထမင်းပို့ရန် အသေအချာမှာခဲ့ကာမှ ခါတိုင်းလာနေကျအချိန်ပင် ကျော်လွန်သည်အထိ ရောက်မလာ။

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏ... သည်းခံ၍ ထယ်ခြင်းအလုပ်ကို ဆက်၍ ပြု၏။ လုပ်ငန်းများစွာ ပြီးမြောက်၏။

နေပူရှိန်က ပြင်းလာပြီ။ နွားများပန်းကြပြီ။ ပုဏ္ဏလည်း မောပြီ။ ဗိုက်ထဲမှာလည်း ဆာလွန်းနေပြီ။ မတတ်နိုင်တော့ပါ။ ပုဏ္ဏထယ်ခြင်းကို ရပ်နားလိုက်သည်။ နွားများကို ထမ်းပိုးမှဖြုတ်၍ လွှတ်လိုက်သည်။ ကိုယ်တိုင်လည်း လယ်ကန်သင်းဘေးမှ သစ်ပင်ရိပ်မှာနားရင်း ထမင်းပို့လာမည့် မယားကို မျှော်ရသည်။

ဘာရိတာသည် ထမင်းတောင်းကိုရွက်၍ တောတန်းဘေးမှ လမ်းအတိုင်း ခပ်သုတ်သုတ် လှမ်း၍လာရင်း ခင်ပွန်းဖြစ်သူ ပုဏ္ဏလယ်ထယ်နေသော တောဆီသို့ လှမ်းမျှော်လိုက်သည်။ ထယ်နေသည်ကို မတွေ့ရ။ နွားများ ဖြုတ်ထားပြီ။ ဟိုတစ်ကောင် သည်တစ်ကောင်။ တော၏ မြက်နုနွယ်တို့ကိုရှာဖွေ၍ စားနေကြပြီ။

လင်ဖြစ်သူ ပုဏ္ဏလည်း အလွန်ဆာပေလိမ့်မည်။

"ဟော... တွေ့ပြီ... ဟိုမှာ"

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ရိပ်မှာ ထိုင်လျက် သူလာသည့် လမ်းကို လှမ်းမျှော်နေသည်။ ဘာရိတာ နေကို မော့ကြည့်လိုက်သည်။ ခေါင်းပေါ် တည့်တည့် ရောက်နေပြီ။

"အင်း... ငါ ထမင်းပို့တဲ့အချိန် သိပ် နောက်ကျနေပြီ။ ငါ့ယောကျ်ား အဆာလွန်ဒေါသ ထွက်ပြီး ငါ့ကို ရိုက်နှက် ဆဲဆိုလုပ်ရင်တော့ ငါ... ဒီနေ့ သဒ္ဓါတရားထက်သန်စွာ ပြုထားတဲ့ ကောင်းမှု ကုသိုလ်အားလုံး အကျိုးမဲ့ဖြစ်တော့မယ်။ လင် ကျေနပ်လောက်အောင် ကြိုကြိုတင်တင်ပြောမှ... သင့်တော်မယ်"

ဘာရိတာသည် မောင်ပုဏ္ဏမြင်သာအောင် ပြေးလုနီးပါး လျှင်မြန်စွာသွား၏။ သစ်ပင်ရိပ်သို့ ဝင်မိသည်နှင့် မျက်နှာချိုသွေးလျက် နဖူးမှချွေးကို လက်ဖြင့်သပ်လိုက်သည်။

"အို... အရှင်။ ထမင်းပို့နောက်ကျတာကို သည်းခံခွင့်လွှတ်ပါနော်။ ဝမ်းမြောက်ဝမ်းသာ အရှင်သာခုခေါ်စရာ စကားပြောပါ့မယ်။ ပထမ တစ်ခေါက် ထမင်းတောင်းရွတ်ပြီး အစောကြီးလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်။ လမ်းမှာ... ရှင်သာရိပုတ္တရာမထေရ် မြတ်ကြီးကို ဖူးမြင်ရတော့... ဆွမ်းလှူချင်တဲ့ စေတနာသဒ္ဓါတရား ထက်သန်လာလို့ အရှင်စားဖို့ ယူလာတဲ့ ထမင်းအားလုံး မထေရ်မြတ်ကြီးအတွက် ဆွမ်းအဖြစ်လောင်းလှူပြီးမှ အိမ်ကိုအမြန်ပြန်ပြီး အရှင့်အတွက် ချက်ပြုတ်ယူခဲ့ရတာ ကောင်းမှုကို အတူတကွ အမျှယူရအောင် သာဓုခေါ်ပါ အရှင်"

ဘာရိတာက တောင်းပန်စကားဆို၍ ဆွမ်းအလှူအတွက် အမျှဝေသည်။

"အို... ကောင်းလိုက်တာ ဘာရိတာရယ် သာဓု... သာဓု... သာဓု... ငါကိုယ်တိုင်လည်း မနက်အစောကြီး အရှင်မြတ်ကြီးနဲ့တွေ့လို့ ဘာမှ လှူစရာမရှိတာနဲ့ တံပူတစ်ချောင်းနဲ့အတူ ကန်ရေကို စစ်ပြီး သပိတ်အပြည့် လောင်းလှူလိုက်တယ်။ တိုက်တိုက်ဆိုင်ဆိုင် ဝမ်းသာစရာ... ငါ့အလှူကို လည်း ရှင်မ အတူအမျှရအောင် သာဓုခေါ်ပါဦး"

"သာဓု... သာဓု... သာဓု"

ပုဏ္ဏကလည်း ရေအလှူကို အမျှဝေ၍ လင်မယားနှစ်ယောက် အပြန်အလှန်အမျှဝေ အတူ

www.burmeseclassic.com

www.burmeseclassic.com



တကွ သာခုခေါ်ကြသည်။ ပြုခဲ့ကြသောကောင်းမှုကို ကြည်နူးကျေနပ်စွာနှင့် ဘာရိတာ ပြင်ဆင်ကျွေးသောထမင်းကို အလွန်ဆာလောင်နေသော ပုဏ္ဏ အဝအနင့် စားလိုက်သည်။ ပြီးသည်နှင့်... သစ်ပင်ရိပ် လေအေးအေးမှာ တမှေးအိပ်ရန် ဇနီး ဘာရိတာ၏ ပေါင်ပေါ်တွင် အဝတ်ခင်းကာ ခေါင်းတင်လိုက်သည်။

ပုဏ္ဏအိပ်ရာမှ အနိုးတွင် လယ်ကွင်းပြင်ကို မြင်ရသည်က... ရွှေအရောင် တပြောင်ပြောင် တဝင်းဝင်း ဖြစ်နေ၏။

"အို... ချစ်နှမ ဘာရိတာ... လယ်ကွင်းပြင်ကို ကြည့်လိုက်စမ်းပါ။ ငါအိပ်ရာနိုးစမို့ မျက်စိအမြင် မှားနေတာလား၊ လယ်ကွင်းပြင်တစ်ခုလုံးက ထယ်သီးခဲတွေ ရွှေရောင်တဝင်း ဝင်းဖြစ်နေကြသလိုပါပဲလား"

ဘာရိတာ... လယ်ကွင်းဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

"အို... အရှင်... ဟုတ်ပါရဲ့ လယ်ကွင်းပြင်တစ်ခုလုံး ရွှေရောင်ဝင်းလို့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



တကွ သာခုခေါ်ကြသည်။ ပြုခဲ့ကြသောကောင်းမှုကို ကြည်နူးကျေနပ်စွာနှင့် ဘာရိတာ ပြင်ဆင်ကျွေးသောထမင်းကို အလွန်ဆာလောင်နေသော ပုဏ္ဏ အဝအနင့် စားလိုက်သည်။ ပြီးသည်နှင့်... သစ်ပင်ရိပ် လေအေးအေးမှာ တမှေးအိပ်ရန် ဇနီးဘာရိတာ၏ ပေါင်ပေါ်တွင် အဝတ်ခင်းကာ ခေါင်းတင်လိုက်သည်။

ပုဏ္ဏအိပ်ရာမှ အနိုးတွင် လယ်ကွင်းပြင်ကို မြင်ရသည်က... ရွှေအရောင် တပြောင်ပြောင် တဝင်းဝင်း ဖြစ်နေ၏။

"အို... ချစ်နှမ ဘာရိတာ... လယ်ကွင်းပြင်ကို ကြည့်လိုက်စမ်းပါ။ ငါအိပ်ရာနိုးစမို့ မျက်စိအမြင် မှားနေတာလား၊ လယ်ကွင်းပြင်တစ်ခုလုံးက ထယ်သီးခဲတွေ ရွှေရောင်တဝင်း ဝင်းဖြစ်နေကြသလိုပါပဲလား"

ဘာရိတာ... လယ်ကွင်းဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

"အို... အရှင်... ဟုတ်ပါရဲ့ လယ်ကွင်းပြင်တစ်ခုလုံး ရွှေရောင်ဝင်းလို့ပါလား"



"လာ... ရှင်မ သွားကြည့်ရအောင်"

ပုဏ္ဏတို့လင်မယား ရွှေရောင်ဝင်းသော လယ်ကွင်းဆီသို့ အပြေးအလွှား သွားကြည့်ကြသည်။

မှန်သည်။ ထယ်သီးခဲများမှာ ရွှေခဲများဖြစ်နေကြပြီ။

ပုဏ္ဏက... သေချာအောင် တစ်ခဲကို ကောက်ယူ၍ ထွန်တုံးထက်မှာ ထုရိုက်ကြည့်သည်။ သေချာပြီ။

ရွှေ... ရွှေထယ်သီး... ရွှေမြေကြီး။

"ရှင်မရေ ကြည့်လိုက်စမ်း... အရှင်က ငါတို့ ဓိုက်ခဲ့တဲ့ မျိုးစပါးမျိုးပဲတွေဟာ သုံးလေးလကြာမှ အသီးအနှံစား ရတယ်။ ဒီနေ့တော့... မနက်က ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို လှူတဲ့ကုသိုလ်မျိုးစေ့ဟာ ချက်ချင်းကောင်းကျိုးရပြီဟေ့... အံ့သြစရာ။ ငါထွန်ခဲ့သမျှ မြေကြီးအားလုံးဟာ ဧကင်းလောက်တောင်မကျန် အားလုံးရွှေဆိုင်ရွှေခဲတွေ ဖြစ်ကုန်ကြပြီ"

ပုဏ္ဏမှာ ရွှေထယ်သီးခဲများကို ကောက်ယူ မြှောက်ပြရင်း ဝမ်းသာအားရဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှ များပြားသော ဥစ္စာများကို ဖုံးကွယ်ထားခြင်းငှာလည်း မစွမ်းသာ၍ ထမင်းတောင်းမှာဆန့်သမျှထည့်ပြီး အဝတ်ပုဆိုးအုပ်၍ နန်းတော်သို့ သွားသည်။ ဗိမ္ဗိသာရမင်းကြီးနှင့် တွေ့ခွင့်ရရန် တောင်းခံသည်။ ဘုရင်ဗိမ္ဗိသာရ နန်းတော်သို့ ဝင်ခွင့် တွေ့ခွင့်ပြုသည်။

အုပ်ထားသောပုဆိုးကို ဖယ်၍ ရွှေတုံး၊ ရွှေခဲများကို သွန်ချပြီး...

"အရှင်မင်းမြတ်... ယနေ့ အကျွန်ုပ် ထယ်အပ်သော လယ်မြေမှ ထယ်သီးခဲမြေကြီးအားလုံး ရွှေတုံးရွှေခဲအတိ ဖြစ်လာကြပါသည်... သိမ်းယူတော်မူပါဘုရား" ဟု လျှောက်တင်သည်။

"အသင်... မည်သူနည်း"

"အကျွန်ုပ်... လယ်စာရင်းငှားပုဏ္ဏား ဖြစ်ပါသည် ဘုရား"

"အသင်... ယနေ့ အဘယ်မည်သော ကောင်းမှုကို ပြုသနည်း"

"ယနေ့မနက်က မြတ်စွာဘုရားရှင်၏ လက်ယာရံ မဟာသေနာပတိ ရှင်သာရိပုတ္တရာ



မထေရ်မြတ်ကြီးကို ကျွန်ုပ်က ရေလှူသည်၊ ဇနီးဘာရိတာက ဆွမ်းတစ်နပ်စာ လောင်းလှူသောကောင်းမှုကိုပြုပါသည် ဘုရား"

အမြော်အမြင်ရှိသော ဗိမ္ဗိသာရမင်းကြီးက နှစ်သက်ဝမ်းမြောက်စွာ ဦးခေါင်းညိတ်၍ ပြုံးလိုက်သည်။

ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား ပေးလှူသော အလှူသည် ဒိဋ္ဌဓမ္မအကျိုးပြလေပြီ" ဟုလည်း မိန့်တော်မူလိုက်၏။

"မောင်မင်း... ရွှေတုံးရွှေခဲများကို သယ်ယူရန် လှည်းအစီး မည်မျှလိုမည်နည်း"

"လှည်းအစီးများစွာ အရာ အထောင်လိုပါမယ် ဘုရား..."

ဘုရင်က ယုံကြည်အပ်သော အမတ်တို့ကို ကြီးကြပ်စေ၍ လှည်းအစီးများစွာ အရာ အထောင် စေလွှတ်ပြီး ရေတုံးရွှေခဲများကို သယ်ယူစေသည်။

မင်းချင်းတို့သည် လယ်ကွင်းပြင်မှ ရွှေတုံးရွှေခဲများစွာကို တွေ့မြင်ရသောအခါ မင်းသာအားရဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



မထေရ်မြတ်ကြီးကို ကျွန်ုပ်က ရေလှူသည်၊ ဓနိး ဘာရိတာက ဆွမ်းတစ်နပ်စာ လောင်းလှူသော ကောင်းမှုကိုပြုပါသည် ဘုရား"

အမြော်အမြင်ရှိသော ဗိမ္ဗိသာရမင်းကြီးက နှစ်သက်ဝမ်းမြောက်စွာ ဦးခေါင်းညိတ်၍ ပြုံး လိုက်သည်။

ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား ပေးလှူသော အလှူသည် ဒိဋ္ဌဓမ္မအကျိုးပြလေပြီ" ဟုလည်း မိန့်တော်မူလိုက်၏။

"မောင်မင်း... ရွှေတုံးရွှေခဲများကို သယ်ယူ ရန် လှည်းအစီး မည်မျှလိုမည်နည်း"

"လှည်းအစီးများစွာ အရာ အထောင်လိုပါ မယ် ဘုရား..."

ဘုရင်က ယုံကြည်အပ်သော အမတ်တို့ကို ကြီးကြပ်စေ၍ လှည်းအစီးများစွာ အရာ အထောင် စေလွှတ်ပြီး ရေတုံးရွှေခဲများကို သယ်ယူစေသည်။

မင်းချင်းတို့သည် လယ်ကွင်းပြင်မှ ရွှေတုံး ရွှေခဲများစွာကို တွေ့မြင်ရသောအခါ ဓနိးသာ အားရဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်မင်းမြတ်ပိုင်တဲ့ ရွှေတွေကွ... ဘုရင့်ရွှေတွေ... ဘုရင့်ရွှေ..." ဟု ပြောကြသည်။ ထိုသို့ပြော၍ လှည်းပေါ် ကောက်တင်သမျှ ရွှေများအားလုံး မြေကြီးခဲဖြစ်သွားကြလေသည်။

မင်းချင်းတို့လည်း ဖြစ်ပုံအလုံးစုံကို ဘုရင်အား ပြန်လည်လျှောက်တင်ကြရသည်။

"မောင်မင်းတို့က မည်သို့ပြောပြီး သယ်ယူကြသနည်း"

ဘုရင်က မေးသည်။

"ဘုရင်မင်းမြတ်ရွှေ... ဘုရင့်ရွှေ... ပြောပြီး သယ်ယူကြောင်းပါဘုရား"

"မိုက်လိုက်လေ... လယ်တစ်ကွင်းလုံး ရွှေတုံး ရွှေခဲဖြစ်သည်မှာ... ပုဏ္ဏားလင်မယားရဲ့ ဘုန်းကံကြောင့် ဖြစ်တာကွယ့်... ပြန်သွားကြ... ပုဏ္ဏားရွှေလို့ပြောပြီး သယ်ယူကြ"

မင်းချင်းများ ပြန်သွားကြသည်။

ပုဏ္ဏားရွှေ... ပုဏ္ဏားရွှေတွေ ဟုပြော၍ ရွှေတုံး ရွှေခဲ များကို လှည်းပေါ်တင်ပြီး သယ်ယူကြသည်။ နန်းရင်ပြင်မှာ... စုပုံလိုက်သောအခါ အတောင်

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ဆယ်မြင့်သော ရွှေတုံး ရွှေခဲ အစုအပုံ ဖြစ်လာ၏။

ဘုရင်က မြို့သူမြို့သားများကို လာရောက်ကြည့်ရှုစေ၏။ လူအပေါင်းတို့... ရွှေပုံကြီးကို ကြည့်ပြီး တအံ့တသြ ရင်သပ်ရှုမောဖြစ်ကြသည်။

"မင်းနေပြည်တော်၌ တစ်စုံတစ်ယောက်သောသူသည် ဤမျှသော... ရွှေအစုအပုံ ရှိပါသလော" ဟု ဘုရင်က မေး၏။

"မရှိကြောင်းပါဘုရား" မြို့သူမြို့သားတို့ လျှောက်တင်ကြသည်။

"စာရင်းငှားပုဏ္ဏာ... ယနေ့မှစ၍ ဗဟုဓနသူဌေးဖြစ်စေ"

ဘုရင်က... ပုဏ္ဏာကို သူဌေးဘွဲ့နှင့်တကွ သူဌေး၏ အဆောင်အယောင် အစီအနင်း ထီးစည်တို့ကို ချီးမြှင့်ပေးသနားတော်မူ၏။ ထိုအခါ သူဌေးပုဏ္ဏာက...

"အရှင်မင်းကြီး... ကျွန်တော်မျိုးတို့မှာ သူတစ်ပါးအိမ်နောက်တွင် တဲထိုး၍ နေရသည်။ ဤပစ္စည်းများကို သိမ်းသိမ်းဆည်းရန် သင့်လျော်

www.burmeseclassic.com



သော နေစရာကို ချီးမြှင့်ပေးသနားတော်မူပါ ဘုရား” ဟု လျှောက်တင်သည်။

ဘုရင်က... မှန်ပေသည်ဟု ရှေးယခင်က သူဌေးတစ်ဦး နေခဲ့ဖူးသော နေရာတစ်ခုကို ရှင်းလင်းသုတ်သင်၍ နေထိုင်ရန် ချီးမြှင့်သည်။

ပုဏ္ဏသူဌေးသည် ထိုနေရာမှ ခြုံနွယ် ပိတ်ပေါင်းတို့ကို လူများငှား၍ မြေကိုရှင်းလင်း ပြုပြင်သောအခါ ရွှေအိုးများစွာကို အိုးနှုတ်ခမ်းချင်း ထိစပ်လျက် တူးဖော်ရရှိပြန်သည်။

ပုဏ္ဏက... ရွှေအိုးများကို သိမ်းယူပါရန် ဘုရင့်သို့ လျှောက်တင်ဆက်သ၏။ ဘုရင်က သူဌေးပုဏ္ဏ၏ ကုသိုလ်ကံကြောင့် ရအပ်သော ရွှေအိုးများဖြစ်သည်။ သူဌေးကြီးပုဏ္ဏပင် ပိုင်စေ” ဟု ပေးအပ်၏။

သူဌေးပုဏ္ဏသည် ရှင်းလင်း သုတ်သင် ပြီးသော အိမ်ဝင်းခြံမြေတွင် သူဌေးအဆင့်နှင့် လျော်ညီစွာ တိုက်တာအဆောက်အဦ ဆောက်လုပ်သည်၊ အိမ်တက်မင်္ဂလာ၊ ထီးဆောင်မင်္ဂလာနှင့် သမီးလေးဥတ္တရာ၏ နားထွင်းမင်္ဂလာပါ ပေါင်းပြီ



လျှင် သဘင်ကြီးစွာခံလျက် (၇)ရက်ပတ်လုံး ဘုရား အစရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်း သင်္ကန်းမှစ၍ ပစ္စည်း (၄)ပါး အလှူကြီးများကို ကြီးစွာပြု၏။

ထိုအခါ... ပုဏ္ဏသူဌေးအား မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူလျက် အစဉ်အတိုင်း တရားစကားများကို ဟောကြားတော်မူသည်။ ပုဏ္ဏသူဌေးနှင့်တကွ ဇနီးဘာရိတာ၊ သမီးဥတ္တရာ တို့ သုံးဦးလုံး သောတာပန်ဖြစ်ကြပြီးလျှင် နေစဉ် မပြတ် အလှူအတန်းနှင့် မွေ့လျော်လျက် နေကြလေကုန်၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



လျှင် သဘင်ကြီးစွာခံလျက် (၇)ရက်ပတ်လုံး ဘုရားအစရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်းသင်္ကန်းမှစ၍ ပစ္စည်း (၄)ပါး အလှူကြီးများကို ကြီးစွာပြု၏။

ထိုအခါ... ပုဏ္ဏသူဌေးအား မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူလျက် အစဉ်အတိုင်း တရားစကားများကို ဟောကြားတော်မူသည်။ ပုဏ္ဏသူဌေးနှင့်တကွ ဇနီးဘာရိတာ၊ သမီးဥတ္တရာတို့ သုံးဦးလုံး သောတာပန်ဖြစ်ကြပြီးလျှင် နေစဉ်မပြတ် အလှူအတန်းနှင့် မွေ့လျော်လျက် နေကြလေကုန်၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်းတွင် သံဃာတော်အရှင်မြတ်များကို ဆွမ်း၊ ကွမ်းဝေယျာဝစ္စ ကပ်လှူပူဇော်၍ အပြီးတွင် ဥတ္တရာသည် အခြွေအရံများနှင့်အတူ မိခင်၊ ဖခင်တို့ကို နံနက်စာတည်ခင်း ကျွေးမွေးရာမှာ ကိုယ်တိုင်ကိုယ်ကျ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်သည်။

သာဓု... သာဓု... သာဓု။

သူဌေးကြီးပုဏ္ဏသည် သမီးလှ ဥတ္တရာ၏ လိမ္မာရေးခြာရှိသည်ကို ရင်ထဲမှာ ကြည်နူးလှိုက်လှဲစွာ သာဓုခေါ်လျက်ရှိ၏။

ထမင်းစားပြီးသည်နှင့် ဥတ္တရာက မိဘနှစ်ပါးကို အချိုပွဲ တည်ခင်းကျွေးမွေးပြန်သည်။

"သခင်မဥတ္တရာ... အပြင်မှာ ဧည့်သည်များ ရောက်နေပါတယ်... သူဌေးကြီးနဲ့ တွေ့ချင်တယ်လို့ ပြောပါတယ်။

အခိုင်းအစေ မိန်းကလေးတစ်ဦးက ဥတ္တရာကို လာပြောသည်။ ဥတ္တရာထွက်ကြည့်သည်။ ရာဇဂြိုဟ်မြို့မှ သူဌေးကြီးများ၊ သူကြွယ်ကြီးများ ဖြစ်သည်။

"ကြွပါရှင်... ကြွကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ဥတ္တရာက... ဧည့်သည်များကို မိဘများ ရှိရာသို့ ဖိတ်ခေါ်သည်။

"အို... သူဌေးကြီးတို့ သူကြွယ်ကြီးတို့ ပါလား ကြွကြပါဗျာ... ဒီမှာ ထိုင်ကြပါ"

ပုဏ္ဏသူဌေးကြီးနှင့် ဇနီး ဘာဂိုတာတို့ ကလည်း ခရီးဦးကြိုဆို၍ နေရာထိုင်ခင်းပေး ကြသည်။

သမီးဥတ္တရာကတော့... အခြွေအရံများ၏ အကူအညီနှင့် ဧည့်သည်တော်ကြီးများအတွက် အချိုပွဲ၊ ကွမ်းဆေးတို့ဖြင့် လိုလေသေးမရှိအောင် တည်ခင်းဧည့်ခံသည်။

"သူဌေးကြီးများ လာရင်းကိစ္စကို အမိန့် ရှိကြပါခင်ဗျာ..."

ပုဏ္ဏသူဌေးကြီးက အားလုံးကို လေးစား ရှိသေစွာ ပြောလိုက်၏။

"အင်း... လာရင်းကိစ္စကိုမပြောခင် ကျုပ်တို့ ဟာ အဆွေတော် ပုဏ္ဏသူဌေးကြီးမိသားစုရဲ့ ကောင်းကျိုးကို လိုလားတဲ့ မိတ်ဆွေကောင်းတွေ ဖြစ်တယ်ဆိုတာ ဦးစွာပြောပါရစေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ညော့်သည်သူဌေးကြီး တစ်ဦးက စကား နိဒါန်းချီလိုက်သည်။

"မှန်ပါတယ်ခင်ဗျာ... ယုံကြည်စိတ်ချပြီး သွားပါ"

"ပွင့်ချိန်ပွင့် သီးချိန်တန်သီး၊ သမီးကညာ အခါမလင့်စေနဲ့" ဆိုတဲ့ စကားတွေ ရှိပါတယ်။ သူဌေးကြီးရဲ့သမီးလေး ဥတ္တရာဟာ အိမ်ထောင်ချ ထားပေးဖို့ အချိန်အရွယ်ရောက်နေပါပြီ။ ပြီးတော့ လည်း... ပုဏ္ဏသူဌေးကြီးရဲ့ ရေရှည်ကောင်းကျိုး တိုးတက်ပွားစည်စေဖို့ သမီးလေးဥတ္တရာကို သုမန သူဌေးကြီးရဲ့သား မောင်နန္ဒနဲ့ ထိမ်းမြားလက်ထပ် ခွင့်ပေးပါလို့ ကျွန်တော်တို့ လာရောက်တောင်းရမ်း ကြတာပါဗျာ"

"အို... ဘုရား... ဘုရား"

ခပ်လှမ်းလှမ်းမှာ ညော့်ခံရန်ပြင်ဆင်နေရင်း မှ ကြားလိုက်ရသော စကားကြောင့် ဥတ္တရာ ထိတ်လန့်တုန်လှုပ်သွားရသည်။

"ဖခင်... ဘယ်လိုများ မိန့်မှာပါမလဲ..."

ရင်ထဲမှာ စိုးရိမ်ကြီးစွာနှင့် ဖခင်သူဌေးကြီး ကို အားကိုးရာအဖြစ် မျှော်လင့်မိသည်။ သူဌေး

www.burmeseclassic.com

www.burmeseclassic.com



ကတော် ဘာရိတာလည်း စိုးရိမ်ကြီးစွာနှင့် ပုဏ္ဏာသူဌေးကြီး၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

ပုဏ္ဏာသူဌေး၏ ရင်ထဲမှာတော့... အဖြေက ရှိပြီးသား...။ စဉ်းစားစရာမလိုသော အဖြေက ပြတ်သားသည်။

"သူဌေးကြီးတို့အားလုံးရဲ့ စေတနာကို လေးစားပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဒါပေမဲ့... ဒီကိစ္စကိုတော့ အားနာစွာနဲ့ ငြင်းပယ်ရမှာပါပဲ။ မဖြစ်နိုင်ပါဘူး ခင်ဗျာ"

လာရောက်တောင်းရမ်းကြသော သူဌေးသူကြွယ်များသည် ထင်မထားသော စကားကို ကြားရသည်မို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ပုဏ္ဏာသူဌေးကြီး ဘယ်သူ့ရဲ့ တောင်းဆိုချက်ကို ငြင်းပယ်လိုက်တယ်ဆိုတာတော့... သိပါတယ်နော်"

သူဌေးကြီးတစ်ယောက်မေးပုံက... မကျေနပ်သော လေသံ။

"သိပါတယ်... သုမသူဌေးကြီးရဲ့တောင်းဆိုချက်ကို ငြင်းရတာပါ"

ပုဏ္ဏာသူဌေး၏လေသံက မှန်၏။

www.burmeseclassic.com

www.burmeseclassic.com



"သုမနသူဌေးကြီးဟာ... အသင်မိခိုအားထားခဲ့ရတဲ့ ကျေးဇူးရှင်ဖြစ်ခဲ့ဖူးတာကို သတိရပါတယ်နော်"

ကျေးဇူးအရှိန်အဝါနှင့် ဖိလာခြင်းဖြစ်သည်။

"မှန်ပါတယ်... ကျေးဇူးကိုလည်း ဘယ်တော့မှ သတိမမေ့ပါဘူး"

"ဒါဆိုရင်... သင့်ပေါ်မှာ ကျေးဇူးရှိခဲ့တဲ့ သုမနသူဌေးကြီးရဲ့ ဆန္ဒကို မငြင်းသင့်ဘူးထင်ပါတယ်"

ပြောလက်စသူဌေး၏ ဖိအားပေးသောစကား။

"အဆွေပုဏ္ဏာ... သူဌေးကြီး သုမနဆိုတာ အခုမှ အကြောင်းအားလျော်စွာ ထချမ်းသာတဲ့ သူဌေးမဟုတ်ဘူး။ ရာဇဂြိုဟ်မှာ... သူဌေးမျိုးရိုးက ဆင်းသက်လာပြီး အလွန်ချမ်းသာတဲ့ သူဌေးကြီးဖြစ်တယ်။ ဒီလို... သူဌေးမျိုးရိုးနဲ့ အမျိုးချင်းဆက်သွယ်ရတယ်ဆိုတာ ဝမ်းသာစရာ ယူစရာအခွင့်အရေးဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



နောက်သူဌေးတစ်ဦးက... ထပ်ဆင့်၍ မြှင့်တင်နေပြန်သည်။

"ဒီတော့... အဆွေတော်အတွက်ရော အဆွေတော်ရဲ့ သမီးဥတ္တရာအတွက်ရော နောင်ရေးကို အရှည်တွေးပြီး မငြင်းပယ်သင့်ဘူး လို့ ထင်ပါတယ်"

သူကြွယ်ကြီးတစ်ဦးကလည်း ကောက်ပင်ရိတ်လှိုင်း စကားနည်းဖြင့် အပိုင်စီးပြောပြန်သည်။

"ခက်ပြီ... ဖခင် ဘယ်လိုငြင်းမှာလဲ"

ဥတ္တရာ စိုးရိမ်စွာ နားစွင့်နေရပြီ။

"အဆွေတော်တို့... ပြောကြတာတွေ အားလုံးမှန်ပါတယ်။ ဒါပေမဲ့... ကျုန်ုပ်တို့မိသားစု က ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ရိုသေစွာ ဆည်းကပ်ကိုးကွယ်သူတွေ ဖြစ်ပါတယ်။ သူတို့နဲ့ ဘာသာကိုးကွယ်မှု အယူဝါဒ မတူကြ ပါဘူး။ ဒါကြောင့်... ငြင်းနေရတာကို ခွင့်လွှတ် တော်မူကြပါ"

ပုဏ္ဏသူဌေးက တောင်းပန်၍ငြင်းသည်။

လာရောက်တောင်းရမ်းကြသော သူဌေး သူကြွယ်များ ဘာဆက်ပြောရမှန်း မသိဖြစ်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



စကားကြွယ်သော သူဌေးကြီး တစ်ဦး၏ စကားက လိမ္မာရေးခြာရှိလှသည်။

"အဆွေတော်ပုဏ္ဏသူဌေး မေ့လျော့နေတာ ဖြစ်ပါလိမ့်မယ်။ အဆွေတော်ရဲ့သမီးလေး ဥတ္တရာ ဟာ အလွန်အလိမ္မာနဲ့ ပြည့်စုံသူ ဖြစ်ပါတယ်။ ဉာဏ်ပညာလည်း ရှိပါတယ်။ သူဌေးသား မောင် နန္ဒနဲ့ အိမ်ထောင်ကျရင် မောင်နန္ဒကို ကိုယ့်ဖက် ပါအောင် ဆွဲဆောင်နိုင်စွမ်းရှိပါလိမ့်မယ်။ မောင် နန္ဒဆိုတာကလည်း သူဌေးပုဏ္ဏရဲ့လက်မှာ ချိုင်း ပွေ့ရင်း ကြီးပြင်းခဲ့ရသူဖြစ်ပါတယ်။ ခြံဝင်းတစ်ခု ထဲမှာ အတူဆော့ကစားရင်း ကြီးပြင်းခဲ့ရတဲ့ မောင် နန္ဒကို ဥတ္တရာ အလိမ္မာနဲ့ သိမ်းသွင်းနိုင်မှာ သေချာ ပါတယ်။ မငြင်းပါနဲ့ သူဌေးမင်း"

သူဌေးများအားလုံး ခေါင်းညိတ်ရင်း ပုဏ္ဏ သူဌေးကို လှမ်းကြည့်ကြသည်။

"အင်း... အဆွေတော် သူကြွယ်မင်း ပြော တာ စဉ်းစားသင့်တဲ့ အချက်ပါပဲ။ အဆွေတော် မျှော်လင့်သလို ဆွဲဆောင်သိမ်းသွင်းနိုင်ရင် အလွန် ကောင်းမွန်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အငယ်ရှ်များ ဆွဲဆောင်သိမ်းသွင်းလို့ မရရင် ကျွန်ုပ်ရဲ့သမီး

www.burmeseclassic.com

www.burmeseclassic.com



ဥတ္တရာဟာ ရတနာသုံးပါးကို လှူဒါန်းမှုနဲ့ ကင်းကွာမနေနိုင်တဲ့အတွက် အခက်တွေ့မှာ စိုးရိမ်ရပါတယ်”

“သြော်... ဒီအတွက်ဆိုရင်တော့ မကြောင့်ကျပါနဲ့ သူဌေးမင်းရယ်... သူမနသူဌေးကြီးကို ပြောပေးမယ်လို့ ကျွန်ုပ်တို့ အားလုံးက တာဝန်ယူပါတယ်။ လက်ထပ်ပြီးတဲ့နောက် ဥတ္တရာစိတ်ဆန္ဒရှိတဲ့အတိုင်း လှူခွင့်ရပါစေ့မယ်”

အားလုံးကပင် ပြောပေးမည့်အကြောင်း၊ လှူခွင့်ရစေမည့်အကြောင်း... အာမဝန်တာခံကြသည်။

ပုဏ္ဏသူဌေး မည်သို့ဆက်ပြောရမှန်းမသိ။ ငြင်းပယ်ရန် ခက်သွားရလေပြီ။

ထိုသို့ ငြင်းပယ်ရန်ခက်၍ အငြင်းစကားထပ်မံ၍ မထွက်နိုင်သည်ကိုပင် သဘောတူညီမှုရလေပြီဟု ယူဆ၍ ဝမ်းသာအားရ ပြန်သွားကြလေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



သဘောတူပြီဟု ကြားသိရသည်နှင့် သုမန သူဌေးကြီးသည် ဝမ်းသာအားရ ဖြစ်လွန်း၍ ဝဠုကဏ္ဍက အမည်ရှိသော ခြံဝင်းကျယ်ကြီးကို အုတ်တံတိုင်းပတ်ရံကာ၍ အလှပဆုံး ဥယျာဉ်နှင့် တကွ ခံ့ညားကြီးမားသော အိမ်ကြီးတစ်ဆောင် အမြန်ဆုံးဆောက်စေသည်။

ဥယျာဉ်အတွင်းမှာ လှပသော လမ်းများ၊ ရေကန်၊ ပန်းခြံတို့ကိုလည်း တင့်တယ်ခမ်းနားစွာ စီစဉ်ပေးသည်။

အားလုံးအဆင်သင့်ဖြစ်သည်နှင့် မောင်နန္ဒ နှင့် ဥတ္တရာတို့ကို မင်္ဂလာအခမ်းအနားကြီးစွာပြု၍ ထိမ်းမြားလက်ထပ်ပေးသည်။

သုမနသူဌေးကြီးနှင့် ပုဏ္ဏသူဌေးကြီးတို့၏ မျက်နှာကြောင့် မင်းညီမင်းသား မှူးမတ်များမှစ၍ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစား၊ လူကုံတန် ညီ့ ပရိသတ်များ စည်ကားလှသည်။

မောင်နန္ဒနှင့် ဥတ္တရာတို့သည် ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝမှုရှိခြင်း၊ အရွယ်၏ကောင်းခြင်း၊ ရုပ်ဆင်း အင်္ဂါ၏ တင့်တယ်ခြင်းတို့နှင့် ပြည့်စုံကြ၍ မြင်သမျှ လူတိုင်း နှစ်သက်အားကျဖြစ်ကြသည်။

မောင်နန္ဒသည် ညားခါစ ဇနီးချောလေး ဥတ္တရာကို လွန်စွာချစ်လွန်း၍ အချိန်ရှိသမျှ မျက်စိ အောက်မှ အပျောက်မခံနိုင်ဖြစ်နေရသည်။

ရေကန်မှာ ရေအတူချိုးရင်း ချစ်ဇနီးလေး ဥတ္တရာ၏ အလှကို တစိမ့်စိမ့်ကြည့်၍မဝ ဖြစ်နေ ရသည်။

"အို... ရေကြည်တကာတို့ထက် အေးမြတဲ့ အချစ်ကလေး ဥတ္တရာရယ်"

ပန်းနွယ်ဒန်းမှာ အတူတကွ စီးကြရင်းနှင့် လည်း ချီးကျူးမကုန်ဖြစ်ရသည်။

"အို... ပန်းတကာတို့ထက်လှပတဲ့ အချစ် ကလေး... ဥတ္တရာရယ်"

ညအခါ လသာဆောင်မှာ လရောင် အောက်တွင် နှစ်ယောက်အတူ ထိုင်ရင်းနှင့်လည်း ချစ်သူကိုကြည့်ပြီး အံ့သြမကုန်ဖြစ်ရသည်။

"အို... ကြယ်တကာတို့ထက် လင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



လမင်းတကာတို့ထက် ဝင်းစက်တဲ့ အချစ်ကလေး ဥတ္တရာရယ်"

အိစက်ညက်ညောသော ဖဲမွေ့ရာထက်တွင် အတူတကွ လျောင်းစက် ပေါင်းဖက်ကြရင်းနှင့်လည်း အချစ်၏ ချိုမြိန်မှုမှာ မရောင့်ရဲနိုင်ဖြစ်ရသည်။

"အို... အတွေ့တကာတို့ထက် နူးညံ့တဲ့ အချစ်ကလေး ဥတ္တရာရယ် မောင်နဲ့အတူနေရတာ ပျော်ရဲ့လားကွယ် ပြောပါဦး"

"ပျော်ပါတယ် မောင်ရယ်..."

အမှန်ပင်လည်း ဥတ္တရာ ပျော်ပါသည်။ သိပ်ချစ်၊ သိပ်ကြင်နာသော မောင်နန္ဒ၏ မြတ်နိုးကြင်နာမှုမှာ ဥတ္တရာသာယာမိပါသည်။

"မောင့်ကိုရော ပြန်ချစ်ရဲ့လား ဥတ္တရာလေးရယ် ပြောပါဦး"

"ချစ်ပါတယ် မောင်ရယ်..."

"အို... ဝမ်းသာလိုက်တာ အချစ်ကလေး ဥတ္တရာရယ်"

× × ×

www.burmeseclassic.com

www.burmeseclassic.com



လသာည တစ်ည။

ကောင်းကင်မှာ လမင်းကြီး ထိန်ထိန်သာနေသည်။

ရေကန်ဘေးရှိ ပုန်းညက်ပင်အောက်မှ ကျောက်ခုံတန်းလေးမှာ ဥတ္တရာနှင့် မောင်နန္ဒတို့ နှစ်ယောက်အတူ ထိုင်၍ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ထားကြသည်။

"ပန်းနံ့လေးတွေ မွှေးနေတယ်နော် မောင်"

"အင်း... ဒါပေမဲ့ အချစ်ကလေး ဥတ္တရာရဲ့ ကိုယ်သင်းနံ့လေးကို ဘယ်ပန်းနံ့မှ မမီဘူးကွယ်"

မောင်နန္ဒ၏ မျက်နှာက ဥတ္တရာ၏ မျက်နှာလေးအနီးသို့ တိုးကပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဥတ္တရာ၏ မျက်နှာလေးက အလိုက်သင့် မော့လျက် ကောင်းကင်ထက်သို့ကြည့်မိရာ...

"အို... လမင်းကြီးက ပြည့်ပြည့်ဝိုင်းဝိုင်း ဖြစ်တော့မှာပါလား"

ဥတ္တရာ၏ မျက်နှာလေး တွေတွေငေးငေး ဖြစ်သွားသည်။

"အချစ်မှာ မွေ့လျော်နေတာနဲ့ လပြည့် လကွယ်နေ့တွေကို မေ့မေ့လျော့လျော့ဖြစ်နေခဲ့မိပါ ပေါ့လား"

သီတင်းနေ့တိုင်း သီလဆောက်တည်၍ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်များ အား လှူခဲ့တမ်းခဲ့ရသည်များကို သတိရလာသည်။

"မောင်... "

"ဘာလဲအချစ်ကလေး... ပြောလေ"

"ကောင်းကင်မှာ လမင်းကြီး သာနေတာ ကြည့်ပါဦး မောင်ရယ်"

မောင်နန္ဒက... ချစ်သူကျေနပ်အောင် မော့ကြည့်လိုက်သည်။

"လပြည့်တော့မယ်နော်... မောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ… ဒါပေမဲ့ လပြည့်ည လမင်းကြီးလည်း အချစ်ရဲ့ရွှန်းပတဲ့ အလှကို မမီပါဘူး"

ညားခါစကာလ… ချစ်ကြင်နာ၍ မဝနိုင်သော သူဌေးသား မောင်နန္ဒမျာ ဘာမြင်မြင် ဘာပြောပြော အချစ်နှင့်အလှမှ မထွက်နိုင်အောင် ဖြစ်နေသည်။

"မောင်ရယ်… ဥတ္တရာ တစ်ခုပြောချင်တယ်"

"ပြောလေ… အချစ်ရဲ့"

"ဥတ္တရာလေ မိဘတွေနဲ့ အတူနေတုန်းက ရှစ်ရက် သီတင်းနေ့တိုင်း လပြည့်လကွယ်တိုင်း ဥပုသ်စောင့်ခဲ့ရတယ်"

"အဲဒါ ဘာဖြစ်လည်း အချစ်ရယ် စောင့်ခဲ့ပေါ့"

"အခုဆိုရင် မောင်နဲ့ လက်ထပ်ပြီးတာ နှစ်လကျော်သွားပြီ…။ ဥတ္တရာ သီတင်းသီလ မစောင့်ဘဲနေခဲ့ရတယ်"

"အို… အဲဒါ ဘာဖြစ်လည်းအချစ်ရယ်

www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ အခုလို... ချစ်ကြင်နာနေရတာ ပျော်စရာ မကောင်းဘူးလားကွယ်"

"ပျော်ပါတယ် မောင်ရယ်... ဒါပေမဲ့ အခု လာမယ့် လပြည့်နေ့မှာတော့ ဥတ္တရာကို ဥပုသ် စောင့်ခွင့်ပြုပါ မောင်ရယ်နော်"

ဥတ္တရာပြောပုံလေသံက တောင်းတောင်း ပန်ပန်။

"အချစ်... အချစ်ကလေး ဥတ္တရာရယ် ကြားလေသွေးတာတောင် ဝေးတယ်ထင်တဲ့ ဒီလို အချိန်မျိုးမှာ မောင်လေ... ဥတ္တရာနဲ့ ခဏလေး တောင် ခွဲပြီးမနေနိုင်လို့ပါကွယ်"

သူဌေးသား မောင်နန္ဒက လုံးကျစ်သွယ်လျ ၍ အလှကြီး လှနေသောဥတ္တရာ ကိုယ်လုံးလေးကို တင်းတင်းပါအောင် ပိုက်ထွေးပွေ့ဖက်ထားလိုက် သည်။

"ဟင်း..."

သက်ပြင်းတစ်ချက်ကိုသာ ဥတ္တရာချလိုက် မိရသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



လှပသော ဝတ်စားတန်ဆာ အဖိုးတန် ရကနာတို့ကို ဝတ်ဆင်နေရသော်လည်း ဥတ္တရာ ဝမ်းမသာယာနိုင်ပါ။

စားကောင်းသောက်ဖွယ်တို့ကို စားနေရ သော်လည်း ဥတ္တရာ မမြိန်ပါ။

စောင်း၊ ညှင်း၊ ပဿာတူရိယာတို့နှင့် ရံ ရွေတော်များ သီဆို တီးမှုတ်ကခုန် ဖျော်ဖြေကြ သော်လည်း ဥတ္တရာ မပျော်ပါ။

ညသည်... တိတ်ဆိတ်ငြိမ်သက်နေ၏။ သူဌေးသားအပါအဝင် တစ်အိမ်လုံး အိပ်မောကျ နေကြပြီ။

ဥတ္တရာသည် မိမိ၏ခါးကို ဖက်ထားသော သူဌေးသား၏ လက်ကို အသာအယာ မယူ၍ အုံးဝန်းပေါ်သို့ တင်လိုက်သည်။

မီးတိုင်များကို မထွန်းတော့ဘဲ အိမ်ခန်း ဆောင်အတွင်းမှ ထွက်ခဲ့သည်။ အပြင်ခန်းတွင် အထိန်းတော်ကြီး မမခေမာ အိပ်နေသည်။

"မမခေမာ... ထပါဦး"

"အို... သခင်မလေး၊ သူဌေးသားရော"

www.burmeseclassic.com

www.burmeseclassic.com



အထိန်းတော်ကြီးက လေသံတိုးတိုးဖြင့် မေးသည်။

"စိတ်ချပါ။ သူအိပ်ပျော်နေလို့ ထွက်လာခွင့်ရတာပေါ့။ လာ... ဥယျာဉ်ထဲကို ခဏဆင်းရအောင်"

"ကောင်းပါပြီ... သခင်မလေး"

ဥယျာဉ်ထဲရှိ စမ်းချောင်းကလေး ဘေးမှ ကျောက်ခုံတန်းလေးတွင် ဥတ္တရာနှင့် အထိန်းတော်ကြီးတို့ ထိုင်ကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံးကို ညဥ့်၏ အမိုက်တိုက်ကြီးက ဖုံးလွှမ်းထား၏။

သစ်ပင်ကြီးများသည်လည်း မိုးမိုးမည်းမည်းနှင့် သရဲ တစ္ဆေကြီးများလိုဖြစ်နေသည်။

"အို... တစ်လောကလုံးလည်း မှောင်လို့ ပိန်းလို့ ပါလား မမခေမာရယ်။ ဥတ္တရာရဲ့ ဘဝနဲ့ တူလိုက်တာ..."

အထိန်းတော်ကြီးက ကောင်းကင်ကို မော့ကြည့်လိုက်သည်။

"ကောင်းကင်မှာ ကြယ်ပွင့်လေးတွေတော့ လက်နေပါသေးတယ်... သခင်မလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... လမင်းကြီး ဘယ်ကို ရောက်နေလဲ... မမခေမာရယ်"

"ဒီနေ့ လကွယ်နေ့ညပါ သခင်မ... "

"ဩော်... လကွယ်နေ့ညတဲ့လား။ အင်း... ဒီအိမ်ကြီးကို ရောက်လာကတည်းက ကာမဂုဏ်နွံထဲမှာ နစ်နေရတာနဲ့ လပြည့်ရက်၊ လကွယ်ရက်တွေကိုတောင် မသိခဲ့တာ ကြာခဲ့ပြီကော... "

ဥတ္တရာ၏ပါးပေါ်မှာ ပူနွေးသောမျက်ရည်များက စီးကျလာသည်။

ဥတ္တရာဝမ်းနည်းစိတ်ကို ထိန်းချုပ်၍ မထားနိုင်သောကြောင့် တစ်ချက်ရှိုက်လိုက်မိသည်။

"အို... သခင်မလေး ငိုနေတယ်"

အထိန်းတော်ကြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိသည်။

"ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ ပေးပြီး အလှူအတန်းကောင်းမှုနဲ့ ကင်းမဲ့နေတဲ့ ဥတ္တရာရဲ့ ဘဝဟာ မှောင်အတိကျနေတာပါ... မမခေမာရယ်"

သခင်မလေး၏ ငိုကြွေးပူဆွေးမှုကြောင့် အထိန်းတော်ကြီးပါ မျက်ရည်ကျပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မမခေမာ ဘယ်လိုကူညီရမလဲ... သခင်မလေးရယ် အမိန့်ရှိပါ"

"သီတင်းကျွတ်ဖို့ ဘယ်နှစ်ရက် လိုသေးလဲ မမခေမာ"

"အင်း... ဒီနေ့ တော်သလင်းလကွယ်ဆိုတော့ ဆယ့်ငါးရက်ပဲလိုပါတော့တယ် သခင်မလေး"

"အို... နီးနေပါပကောလား မမခေမာရယ်။ ဒီလိုဆိုရင် မနက်ဖြန်ခါ အခြေအနေအခွင့်သာတာနဲ့ စာတစ်စောင် ရေးပေးလိုက်မယ် မမခေမာ။ ဖခင်သူဌေးကြီးဆီကို သွားပို့ပေးပါနော်"

"အို... စိတ်ချပါ သခင်မလေးရယ်။ မမခေမာ... သခင်မလေး အရိပ်အခြည်ကိုကြည့်ပြီး အခွင့်သာတာနဲ့ အသင့်ဖြစ်အောင် စောင့်နေပါ့မယ်"

ဥတ္တရာ ရင်မောစွာနဲ့ ကောင်းကင်ကို မော့ကြည့်လိုက်တော့ တဖျတ်ဖျတ်လက်နေသော ကြယ်ရောင်ကလေးများကို မြင်နေရပါသေးသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏာသူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် သမီးဥတ္တရာ၏ စာကိုဖတ်ပြီး စိတ်မကောင်း ဖြစ်နေကြသည်။

"အင်း... သူရိန်ရာဟု ဖမ်းသလို ငါ့သမီးလေး ကောင်းမှုနဲ့ ဝေးပြီး စိတ်ဆင်းရဲနေရှာပါပေါ့လား"

စာကိုကိုင်လျက် သူဌေးကြီး ဒေးရ၊ တွေးရ၊ စဉ်းစားရပြီ။

"သမီးလေးကို ရာဟုခံတွင်းက လွတ်အောင် တစ်နည်းနည်းနဲ့တော့ ကယ်တင်ပါဦး... သူဌေးကြီးရယ်"

သူဌေးကတော်ကြီးက စို့လာသော မျက်ရည်ကို ပဝါဖြင့်တို့၍ သုတ်လိုက်သည်။

စာပေးသူ အထိန်းတော်ကြီး ခေမာမှာ သူ့မျက်နှာကို သခင်နှင့် သခင်မတို့ မမြင်သာအောင် ခေါင်းငုံ့၍ နေရှာသည်။

စဉ်းစားနေသော သူဌေးကြီး၏ မျက်နှာပေါ်တွင် အလင်းရောင်လေး တစ်ချက်လက်သွား

www.burmeseclassic.com

www.burmeseclassic.com



၏။ သူဌေးကြီးထိုင်နေရာမှ ရုတ်တရက်ထလိုက်သည်။

"ဟဲ့... ခေမာ ဒီမှာခဏစောင့်"

ပုဏ္ဏာသူဌေးကြီးသည် ဘဏ္ဍာတိုက်အတွင်းသို့ ဝင်သွားပြီး အသပြာအိတ်တစ်အိတ်ကို ဆွဲ၍ ထွက်လာ၏။

"ဟဲ့... ခေမာ ဒါကိုယူသွား... အထဲမှာ အသပြာတစ်သောင်း ငါးထောင်ပါတယ်"

"အမိန့်ရှိပါ... သူဌေးကြီး"

"အေး... ဒီရာဇဂြိုဟ်မြို့ကြီးမှာ တစ်နေ့ ပျော်ပါးခ အသပြာတစ်ထောင်ပေးရတဲ့ ပြည့်တန်ဆာမ... သီရိမာဆိုတာ ရှိတယ်။ သမီးဥတ္တရာ ကိုယ်တိုင် သီရိမာဆီသွားပြီး သုမန သူဌေးသားရဲ့ အငှားမယားအဖြစ် ပျော်ပါးဖို့ ဆယ့်ငါးရက်အတွက် ငွေတစ်သောင်းငါးထောင်နဲ့ ငှားပါလို့ ပြော... အဲဒီ ဆယ့်ငါးရက်မှာ ငါ့သမီးလေးဥတ္တရာ သီတင်းသီလစောင့်ပါစေ"

"ကောင်းပါပြီ... သူဌေးမင်း"

× × ×

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကျော်ဝိသုကသည် သီရမာ၏ပုံတူကို ခုနစ်ရက်၊ ခုနစ်လီ သွားရောက်ဆွဲပြီးနောက် သီရိမာကို အစွဲကြီး စွဲနေမိပြီ။ သီရိမာကို တစ်ရက်တာမျှ ပိုင်ဆိုင်ခွင့်ရလျှင် သေပျော်ပြီဟူ၍ပင် တသမိ၏။

ထို့ကြောင့် ပန်းချီကို ကြိုးစား၍ဆွဲသည်။ ရသမျှငွေများကို မသုံးရက်၊ မစားရက် စုသည်။ အသပြာတစ်ထောင်ရလျှင် သီရိမာကို တစ်ရက်တာ ပိုင်ဆိုင်ရမည်။

သို့သော်... အသပြာတစ်ထောင်ပြည့်ဖို့လည်း မလွယ်။ မင်းညီမင်းသား၊ သူဌေးသူကြွယ်များက ပုံလာအပ်မှသာ အခကြေးငွေကောင်းကောင်း ရသည်။ ခက်သည်မှာ လူကုံတန်လူ

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာများကလည်း ပြည့်တန်ဆာ သီရိမာ လောက်ပင် ပန်းချီအနုပညာကို စိတ်ဝင်စားခြင်း မရှိ။ တစ်ခါတစ်ရံ မျက်စိလည်လမ်းမှားလာမှသာ တစ်ကားစ၊ နှစ်ကားစ ရောင်းရသည်။ ထိုငွေ ကလေးများကို အခြေပြု၍ စုခဲ့ရာ ခြောက်ရာသော အသပြာတော့ရပြီ။ သီရိမာကို တစ်ရက်တာပိုင်ဖို့ အရေး နောက်ထပ် လေးရာလိုသေးသည်။

ဤကြားကာလတွင် ပန်းချီကျော် ဝိသုက အတွက် စိတ်ဖြေစရာတစ်ခုတော့ ရှိပါ၏။ သီရိမာ ပုံကို သွားရောက်ဆွဲပေးနေရစဉ်ကပင် ဝိသုကသည် သီရိမာ၏ ပုံတူပုံကြမ်း တစ်ခုကိုလည်း အရဆွဲယူ ထားခဲ့သည်။ ယခု... ထိုပုံကို စိတ်တိုင်းကျ အချော ကိုင်နေခြင်းဖြင့် သီရိမာနှင့်တွေ့နေရသလို ခံစား ရသည်။

BURMESE CLASSIC

ခုနစ်ရက်တိတိ တစိမ့်စိမ့်ကြည့်မြင်ခဲ့ ရသော သီရိမာ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းဟူ သမျှကို ဝိသုက အသေးစိပ်မှတ်မိနေသည်။ မှဲ့တံ ကလေးစင်းပုံ၊ နှုတ်ခမ်းကလေးများ ပြည့်ဖြိုးပုံ၊ မျက်တောင်ကလေးများ ကော့နေပုံမှ အစ

www.burmeseclassic.com

www.burmeseclassic.com



လက်ပေါ်မှ မွေးညင်းကလေး တစ်ပင်ချင်းအထိ အတိအကျ ပြန်၍မြင်နေသည်။

ငွေရမည့် ပန်းချီကား လာအပ်လျှင် အသပြာတစ်ထောင်ပြည့်ရေး ဟူသော အတွေးဖြင့် ဝမ်းသာအားရ ရေးဆွဲသလို ငွေပေးမည့်ပန်းချီကား အပ်သူမလာလျှင် သီရိမာကို တစိမ့်စိမ့် ကြည့်လိုက်လိုသေးသည်။ ထင်သမျှကို အနုစိပ်ဖြည့်စွက် မွမ်းမံလိုက်နှင့် ရောင့်ရဲတင်းတိမ်နေရသည်။

ဝိသုကာ၏ နေ့နေ့ ညညအချိန်ဟူသမျှကို သီရိမာကသာ လွှမ်းမိုးထားသည်။ ပန်းချီခန်းထဲမှာ သီရိမာ၏ ပုံတူပန်းချီကား အနီးမှာသာ အချိန်တွေကုန်နေရသည်။ ကျင်စွယ်မုတ်ဆိတ် တို့ကိုပင် ရိတ်ဖြတ်ပယ်ရှင်းခြင်းမပြုနိုင်။ ထို့ကြောင့် နှုတ်ခမ်းမွေးကားကား မုတ်ဆိတ်မွေးဖွားဖွားနှင့် ဝိသုကာသည် အရူးကြီးလို ဖြစ်နေ၏။

"သြော်... စွဲလမ်းရလွန်းတဲ့ သီရိမာရယ်..."

ဝိသုကာ လွှမ်းဆွတ်တမ်းတမိသည်။

× × ×

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဖခင်ထံမှ ငွေရပြီးကတည်းက အိမ်မှ ထွက်ခွင့်ရမည့်နေ့ကို ဥတ္တရာစောင့်မျှော်နေခဲ့သည်။ ယနေ့… အခါသင့်၍ အခွင့်သာလှ၏။

ဇာရာဏာသီမှ မင်းသား၊ သူဌေးသား မိတ်ဆွေများရောက်လာ၍ မောင်နှမသည် အိမ်တွင် ဧည့်ခံပြီး မူးယစ်သောက်စားနေကြသည်။

ထို့ကြောင့်… ဥတ္တရာသည် အထိန်းတော်ကြီး မမခေမာနှင့်အတူ မြင်းလေးကောင်ကသော ရထားဖြင့် သီရိမာ၏အိမ်သို့ ထွက်ခဲ့၏။

သီရိမာ၏ ခြံဝင်းရှေ့သို့ ရထားရောက်သောအခါ ဥတ္တရာ အံ့ဩရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို... ခြံဝင်းကြီးကလည်း အုတ်တံတိုင်း ဝတ်ရုံပြီး ကြီးကျယ်ခမ်းနားလှပါလား မမခေမာ"

"သီရိမာဟာ... ရာဇဖြို့ဟ်ပြည်သာမက အပြည်ပြည် ကျော်ကြားတဲ့ အလှဘုရင်မလို့ သတင်းကြီးပါတယ် သခင်မလေး"

ရထားက ခမ်းနားသော ဝင်းတံခါးကြီး၏ ရှေ့မှာ ရပ်သွားသည်။

မလွယ်ပေါက်မှ တံခါးငယ် ပွင့်သွား၍ အစောင့်၏ မျက်နှာပေါ်ထွက်လာသည်။

"ဝေဠုကဏ္ဍက အိမ်တော်မှ သူဌေးမ ဉတ္တရာပါ"

မလွယ်ပေါက်တံခါး ပြန်ပိတ်သွားသည်။

"အင်း... သီရိမာ... သီရိမာ အမည်သတင်း ကြီးပါပေတယ်"

"သီရိမာရဲ့အလှကြောင့်လည်း ရာဇဂြိုဟ် မြို့ကြီးဟာ အပြည်ပြည်ကလာကြတဲ့ ဧည့်သည် တွေ၊ ကုန်သည်တွေနဲ့ စည်ကားနေတယ်လို့ ပြော ကြပါတယ် သခင်မလေး"

"သီရိမာဟာ တိုင်းပြည်ရဲ့ အဆင်တန်ဆာ တစ်ခု ဖြစ်နေတာပါလား မမရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်လည်း သူ့ကို ပြည့်တန်ဆာလို့ ခေါ်ကြတာပေါ့ သခင်မလေးရယ်"

ဝင်းတံခါးကြီး ဖြည်းညင်းစွာ ပွင့်သွားပါပြီ။

ရထားထိန်းက ရထားကိုလှပသော တံတားတစ်ခု ပေါ်မှဖြတ်၍ ခြံဝင်းအတွင်းသို့ဝင်ခဲ့၏။

ခြံအတွင်း၌ လှပသော လမ်းကလေးများ၊ ပန်းရုံများ၊ ပန်းပင်တန်းကလေးများ ပြုပြင်ထားသည့် ပုံသဏ္ဍာန်အမျိုးမျိုးနှင့် သစ်ပင်များ အဆန်းတကြယ်လှပသည့် သစ်ခွပန်းများ၊ ရစ်ခွေစီးဆင်းနေသော စမ်းချောင်းကလေးများ ဆေးရောင်ခြယ်ထားသည့် တံတားခုံကလေးများ၊ ရေကန်လေးများ၊ နေရာတိုင်းမှာ စိတ်ကူးယဉ်စရာ ထိုင်ခုံတန်းကလေးများနှင့် စနစ်တကျ တင့်တယ်လှပသေသပ်နေသည်။

ဥတ္တရာ အံ့သြငေးမောနေမိသည်။

"သီရိမာရဲ့ ဥယျာဉ်မှာ အပြည်ပြည်က မင်းညီမင်းသား၊ သူဌေးသား သူကြွယ်သားတွေ လာရောက်အပန်းဖြေရင်း သီရိမာရဲ့ အလှကို ရှုစားကြတယ်လို့ သိရပါတယ် သခင်မလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... သီရိမာ...။ ဒါကြောင့်လည်း အမည်သတင်းကြီးပေတာကိုး"

အစိမ်းဘက်သို့ အနည်းငယ်လုသော အပြာရောင် ဆေးသုတ်ထားသည့် တိုက်အိမ်ကြီး ရှေ့မှ ဆင်ဝင်အောက်တွင် ရထားရပ်သွားသည်။ ဥတ္တရာနှင့် အထိန်းတော်တို့ ရထားပေါ်မှ ဆင်း ကြသည်။

မိန်းမပျိုလေးတစ်ယောက်က ဆင်ဝင် အောက်မှ ခရီးဦးကြိုပြုနေသည်။

"သူဌေးမ ဥတ္တရာကို သခင်မ သီရိမာက ကြိုဆိုပါတယ်လို့ ပြောပါတယ်ရှင် ကြွပါ"

ဥတ္တရာနှင့် အထိန်းတော်ကြီးသည် မိန်းမ ပျိုလေး၏ နောက်မှ လိုက်ပါသွားကြသည်။ လှူသွား လမ်းများကို ကော်ဇောများ ခင်းထားသည်။ နံရံဘေးတွင် ခုံနှင့် တင်ထားသော ကြွေပန်းအိုး၊ ကျောက်ပန်းအိုကြီးများတွင် ပန်းအလှများကို ထိုးထားသည်။

ညှိခန်းအလယ်မှာတော့ ကတ္တီပါမှိုအုံး၊ ထိုင်အုံးများပါသည့် ခမ်းနားသော ထိုင်ခုံကြီးများ၊

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဖုံတစ်ခုပေါ်တွင် ချောမောလှပသော အမျိုးသမီးတစ်ယောက်။

"ထိုင်ကြပါရှင်... ဘာကိစ္စရှိပါသလဲ"

နောက်ခံပန်းနုရောင် ပိုးကန့်လန့်ကာလေးက လှိုင်းတွန့် ထနေသည်။

"အို... ကနုကမာ ပန်းနုလွှာအတွင်းမှ ထွက်အံကျလာတဲ့ သဘာဝပုလဲလို ဖြူဝင်းနုညက်တဲ့ သီရိမာ"

ဥတ္တရာမှာ မိန်းမချင်းပင် အံ့သြငေးမောနေမိသည်။

"ဒီအိမ်ကြီးမှာ... လာတောင့်လာခဲ အမျိုးသမီးချည့်သည်မို့ လေးစားစွာ ခရီးဦးကြိုပါတယ်ရှင်"

သီရိမာက ဥတ္တရာကို ဦးခေါင်းအနည်းငယ်ညွှတ်၍ နှုတ်ဆက်လိုက်သည်။

"သီရိမာ... သီရိမာလို့ နာမည်သတင်းကြီးနေတာနဲ့ ညီအောင် လှပါပေတယ် ညီမရယ်"

"လာရင်းကိစ္စကို သိပါရစေရှင် မဥတ္တရာ"

သီရိမာက ပြုံးသည်လည်း မမည်၊ တည်

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း မဟုတ်၊ ကြည်လင်သော မျက်နှာလေးနှင့် အခြွေအရံ မိန်းကလေးနှစ်ဦးက သီရိမာကို နံ့သာစုံ ယပ်တောင်ကလေးများဖြင့် ဖြည်းဖြည်းသာသာ ခပ်ပေးနေကြ၏။

"ညီမနဲ့ နှစ်ယောက်ချင်းသာ တိုင်ပင်လိုပါတယ်"

"ကောင်းပါပြီရှင်"

သီရိမာက လက်ဖြင့် အချက်ပြလိုက်၍ အခြွေအရံနှစ်ဦးသည် ဥတ္တရာနှင့်အတူ ပါလာသည်။ ခေမာကိုပါ ခေါ်ပြီး ထွက်သွားကြသည်။

"ဒီလိုပါ... ညီမရယ်"

ဥတ္တရာက အကြောင်းစုံပြောပြသည်။

သီရိမာ စိတ်ပါဝင်စား နားထောင်၏။

"ဒါက... ဆယ့်ငါးရက်အတွက် အသပြာတစ်သောင်း ငါးထောင်"

ဥတ္တရာက အသပြာထုပ်ကို သီရိမာဘေးမှ ကျောက်သလင်းစားပွဲပေါ်သို့ တင်လိုက်သည်။

"တန်ရာတန်ဖိုးပေးခိုင်းတာပဲ။ ကျေနပ်အောင် ကူညီရမှာပေါ့... မမရယ်"

www.burmeseclassic.com

www.burmeseclassic.com



သီရိမာက သဘောတူလက်ခံလိုက်၏။

"အို... ကျေးဇူးတင်လိုက်တာ ညီမရယ်"

ဥတ္တရာ၏ မျက်နှာမှာ မြူတိမ်မှေးယှက်ရာမှ ထွက်ပေါ်လာသည့် လပြည့်ဝန်းနှယ် ကြည်လင်သွား၏။

မာယာလေးဆယ်မှာ ကျွမ်းကျင်လိမ္မာသော သီရိမာကတော့ မျက်နှာကို တစ်ဝက်သာပြုံး၍ ခေါင်းညိတ်ဟန်မှာ ညင်ညင်သာသာ။

"ဒီနေ့ညကစပြီး ညီမလာရမှာနော်"

သီရိမာက မျက်တောင်တစ်ချက်ခတ်ရုံမျှ... ကောင်းပါပြီဆိုသော သင်္ကေတ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ညနေချမ်း ဆည်းဆာအချိန်မှာ ဥတ္တရာသည် တိုက်ရှေ့မှာရှိသည့် ပန်းခြံအတွင်း လမ်းလျှောက်ရင်း သီရိမာကို မျှော်သည်။

မြင်းရထားတစ်စီး ခြံဝင်းအတွင်းသို့ မောင်းဝင်လာ၏။

အစွမ်းကုန်ပြင်ဆင်ထား၍ အလှကြီးလှနေသော သီရိမာ ရထားပေါ်မှ ဆင်းလာသည်။

"အို... ရဲရဲစွင့်စွင့် ဝင့်ဝင့်ကြွားကြွား လှရက်လိုက်တာ သီရိမာရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဥတ္တရာ အံ့သြချီးကျူးရပြန်၏။ ဤသို့ ပြင်လာသည့် အတွက်လည်း သီရိမာကို စိတ်ထဲမှ ကျိတ်၍ ကျေးဇူးတင်နေမိသည်။ ဤအလှမျိုးကို မြင်ရလျှင် လင်တော်မောင်သူဌေးသားကို စကား များများမပြောရဘဲ အဆင်ပြေလောက်သည်ဟု ဥတ္တရာ ဝမ်းသာနေမိသည်။

"လာ... လာ... ညီမသီရိမာ၊ ညီမ ပဘာ ရေ... ရထားပေါ်က အဝတ်သေတ္တာကို ယူခဲ့ ပါကွယ်"

ဥတ္တရာက သီရိမာကို ချစ်ခင်စွာလက်ချင်း တွဲ၍ အိမ်အပေါ်ထပ်သို့ ခေါ်ခဲ့သည်။

သူဌေးသားက ခြေသံကြား၍ လှည့်ကြည့် လိုက်သည်။

"အို... ဥတ္တရာ ဘေးက ဘယ်သူပါလိမ့်။ မျက်လွှာကလေး အသာချလို့... လှလိုက်တဲ့... မိန်းကလေး"

မောင်နန္ဒက တအံ့တသြ ငေးမောပိုက် မိ၏။

ပြီးမှ... သတိရ၍ ကိုယ့်မိန်းမရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



တစိမ်းမိန်းမကို စိတ်မဝင်စားလေယောင် ဥတ္တရာ ဘက်သို့ လှည့်လိုက်သည်။

"ဥတ္တရာ... မောင့်ကို ပစ်ထားပြီး ဘယ် သွားနေတာလဲ"

သူဌေးသားက ဣန္ဒြေပျက်သွားသည်ကို ဖုံးကွယ်နိုင်ရန် ဥတ္တရာကို အပြစ်တင်သံနှင့် မေး လိုက်သည်။

"ဩော်... ရှိပါတယ် မောင်ရယ်...။ အောက်မှာ... ဒီက ညီမလေးရောက်လာလို့ ခဏ ဆင်းတာပါ။ ဒီညီမလေးက သီရိမာလေ။ သိပ် ချောတာပဲနော် မောင်"

"ဘာ... သီရိမာ ဟုတ်လား"

သူဌေးသား တအံ့တဩ ဖြစ်သွားသည်။ သို့သော်... အခွင့်ရခိုက် စူးစူးစိုက်စိုက်ကြည့် လိုက်၏။

မာယာရှင်မလေး သီရိမာက မျက်လွှာလေး ချ၍ အကြည့်ခံနေရာမှ မနေတတ်သည့်ဟန်ဖြင့် မျက်လွှာတစ်ချက်ပင့်၍ မဝို့တရို့လေး ပြန်ကြည့် လိုက်သည်။ သူဌေးသားနှင့် အကြည့်ချင်းဆုံးတော့ ရှက်စနိုးဟန်ဖြင့် မျက်လုံးကလေးဝေ့ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

သူဌေးသား၏ ရင်တွင်းမှာ မုန်တိုင်းတစ်ချက် ဝင်မွှေ့သွားပြီ။

"မောင်..."

"ဟင်... ဗျာ၊ ပြောပါ ဥတ္တရာ"

ဥတ္တရာ ပြုံးချင်သော်လည်း... မပြုံး။ ယောကျ်ားဆိုသည်မှာ ရှက်သွားလျှင် ဒေါသကြီးတတ်သည်။ ဒေါသကြီးလျှင် အကြံပျက်ရတော့မည်။

"ဥတ္တရာလေ ဒီနေ့ကစပြီး သီတင်းကျွတ်လပြည့်နေ့အထိ ဥပုသ်သီတင်းစောင့်ပြီး အလှူအတန်းပြုပါရစေ"

"ဘာ... ဘာပြောတယ်"

"နားထောင်ပါဦးမောင်...။ ဒီဆယ့်ငါးရက်အတွင်းမှာ ဟောဒီညီမလေး သီရိမာက မောင်နဲ့အတူနေပြီး ဥတ္တရာကိုယ်စား မောင်ကို ပြုစုပါလိမ့်မယ်"

မာယာရှင်မလေး သီရိမာက အနေခက်ဟန်ဖြင့် ကိုယ်ကလေးတစ်ချက် ရှိုလိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကာယအနွဲ့အလှကိုပါ မြင်သာအောင်ပြ လိုက်သည်။

"အို… ဘယ်လိုလုပ်တာလဲ ဥတ္တရာရယ်"

သူဌေးသားမှာ မယုံနိုင်လောက်အောင် အံ့အားသင့်၍ သီရိမာကို တစ်လှည့်၊ ဥတ္တရာကို တစ်လှည့်ကြည့်နေသည်။

သီရိမာလှသလို ဥတ္တရာလည်း မိန်းမချော တစ်ယောက် ဖြစ်ပါ၏။ သို့သော်… သီရိမာက အချောဆုံး၊ အလှဆုံး၊ အနုဆုံးဖြစ်အောင် ပြင်ဆင်ထားသည့်အပြင် မာယာအလင်္ကာကိုပါ တန်ဆာဆင်ထား၍ ယောကျ်ားသားတစ်ယောက်ကို ပိုပြီး ညို့အင်အားရှိနေသည်။

"မောင်… ဥတ္တရာကို ခွင့်ပေးပါနော်။ ညီမလေးသီရိမာ သိပ်ကို ကျေးဇူးတင်ပါတယ် ကွယ်။ မောင်… စိတ်ချမ်းသာအောင် ကြင်နာယုယ ပါနော်… မမသွားတော့မယ်"

ဥတ္တရာက မောင်နန္ဒ၏ သဘောညီ ချက်ကို မစောင့်တော့ဘဲ နှုတ်ဆက်၍ ထွက်သွား သည်။ သီရိမာက တာဝန်သိစွာ ပါးနပ်လှပါ၏။

www.burmeseclassic.com



နှုတ်ဆက်သောဥတ္တရာကို လှည့်၍ပင် မကြည့်။ သူဌေးသားဆီသို့သာ မျက်ဝန်းညို့ညို့ဖြင့် ညို့ကြည့်လိုက်၏။

ဥတ္တရာအခန်းထဲမှထွက်မိသည်နှင့် အခန်းတံခါးကို အပြင်ဘက်မှ ညင်သာစွာ ပိတ်ပေးလိုက်သည်။

"သြော်... ကျေးဇူးရှင် မသီရိမာ...။ သူ့တာဝန်ကျေ ရှာပါပေတယ်။ မျက်လုံးနဲ့ ညို့ထားလိုက်တာ သူဌေးသား ငါ့ကို ဟန့်တားကလေးတားဖို့တောင် မစွမ်းဆောင်နိုင်တော့ရှာဘူး"

အခန်းထဲမှာ ချောမောအောင်မြင်စွာ ထွက်လာနိုင်ခဲ့သော ဥတ္တရာ၏ မျက်နှာလေးသည် နွံ့အိုင်တွင်းမှ ထွင်းဖောက်ထွက်ပေါ်၍ ဖူးပွင့်လာသော ပဒုမ္မာကြာပန်းကဲ့သို့ တင့်တယ်လန်းဆန်းနေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှ တံခါးပိတ်သွားပြီဆိုသည်နှင့် သူဌေးသား မောင်နန္ဒသည် သီရိမာ၏ ညှို့မျက်ဝန်းများကို ရွှန်းရွှန်းစားစား တုံ့ပြန်လိုက်ပါသည်။

မာယာရှင်မလေးက အကြည့်ချင်း မပြိုင်ဝံ့ဟန်ဖြင့် မျက်ဝန်းငုံကိုပိတ်၍ ခေါင်းကလေးငုံ့လိုက်သည်။

"အို... သိပ်ရှက်နေသလား အချစ်ကလေးရယ်... သနားစရာ"

သီရိမာကို သနားကြင်နာစိတ်ကြောင့် သူဌေးသား၏ ရင်မှာ တင်းကျပ်မောပန်းလာ၏။

"အို... ချစ်စရာနုနယ်လှပတဲ့ သီရိမာလေးရယ် အစ်ကိုရင်မှာ ဝင်ရောက် ခိုနားလှည့်ပါလားကွယ်"

သီရိမာက သူဌေးသား၏ ရင်ခွင်တွင် ပီတပီနွဲ့နွဲ့ကလေးမှီပြီး သူ၏ ပါးမို့မို့လေးကို

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသား၏ နှလုံးသားနေရာမှာ ကပ်ထား လိုက်သည်။ ပြင်းလည်း ပြင်းထန်၊ မြန်လည်း မြန်သော နှလုံးခုန်သံများကို သီရိမာ ကြားနေ ရသည်။

"ဩြော်... ချစ်စရာကောင်းလိုက်တာ အချစ်ကလေး သီရိမာရယ်"

သူဌေးသားသည် သီရိမာ၏ ကိုယ်ကလေး ကို တင်းကျပ်စွာ ပွေ့ပိုက်ထားလိုက်မိသည်။

ဆားငန်ရည်နှောက် ငတ်တိုင်းသောက်၊ သောက်လေ... သောက်လေ ငတ်မပြေသို့ မောင်နန္ဒနှင့် သီရိမာတို့မှာ အချစ်နွံအိုင်တွင်း ဆင်းသက်၍ ချစ်လေ... ချစ်လေ... ချစ်မပြေ။

အလွန်ချစ်တတ်သူနှင့် အလွန်အချစ်ခံ တတ်သူနှစ်ဦးတို့ ဆုံမိသောအခါ ရမ္မက်မီးလျှံများ တညီးညီး တပြောင်ပြောင်လောင်၍ နေ့မှန်းလည်း မသိ၊ ညမှန်းလည်း မသိခဲ့။ ရေကုန်၊ လည်ဝင်ပန်း ကမ်းသည်အထိ ခပ်ကြမ်းကြမ်း ချစ်နေကြ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



သီရိမာကို ခင်ပွန်းဖြစ်သူ မောင်နန္ဒနှင့် အတူထားခဲ့ပြီး စက်ရာခန်းမှ ထွက်လာခွင့်ရခြင်းသည် ဥတ္တရာအတွက် ကာမအမှောင်ထုအတွင်းမှ လွတ်မြောက်ခွင့်ရခြင်း ဖြစ်၏။ တိမ်မည်းညိုအုပ်ဖုံးခြင်းမှ လွတ်ကင်းလာရသော လစန္ဒာသို့ ကြည်လင်ရွှင်လန်းစွာ ဝမ်းပန်းတသာဖြစ်ရသည်။ မနက်လင်းသည်နှင့် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်ရန် ပစ္စည်း (၄)ပါးလှူဒါန်းရန် ညဦးယံကတည်းက လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားကြသည်။

မနက်အရုဏ်တက်သည်နှင့် ဥတ္တရာနှင့် အခြွေအရံများ ဆွမ်း၊ ဆွမ်းဟင်းချက်ကြသည်။ လှူဖွယ်ဝတ္ထုအစုစုတို့ကို ပြင်ဆင်ကြသည်။

ဘုရားရှင်နှင့်တကွ သံဃာတော်ရှင်မြတ်များကို မဖူးမမြင်ရသည်မှာ ကြာလေပြီ။ ဥတ္တရာ ဖူးမြင်လိုလှပြီ။ မလှူမတမ်းရသည်မှာ ကြာပြီမို့ လှူရန်တမ်းရန် စေတနာသဒ္ဓါ ထက်သန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ကျေးဇူးရှင် ကျေးဇူးကြီးလှပါပေမယ်။ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာရှိပါစေ၊ အကျိုးဆောင်၍ အောင်ပါစေ"

ဆွမ်းချက်နေရင်းမှ သီရိမာ၏ ကျေးဇူးတရားကို သတိတရဖြစ်မိသည်။ ကျေးဇူးတင်စွာ ဆုတောင်းမေတ္တာပို့မိသည်။

"အရှင်မဥတ္တရာ... မြတ်စွာဘုရားရှင်နဲ့ သံဃာတော်များ ကြွလာပြီ"

မမခေမာ သတင်းပေးသည်ကို ကြားရသည်က ဝမ်းသာစရာ။

"အို... ဟုတ်ပါရဲ့ ကြည်ညိုစရာကောင်းလိုက်တာ"

ဥတ္တရာဖူး၍မဝ ကြည်ညို၍အားမရ။

မြတ်စွာဘုရားနှင့် သံဃာတော်များကို ခရီးဦးကြိုကြသည်။ ဆွမ်းကပ်ကြသည်။ လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူကြတမ်းကြသည်။

မြတ်စွာဘုရား ဟောကြားတော်မူသည့် ဆရာတော်ကို ရှိသေစွာနာကြားကြသည်။

ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်တို့ မိဘတိုးဘွားဆရာသမား အစထား၍ ဝေနေယျသတ္တဝါများကို အမျှဝေကြသည်။

"သြော်... သီရိမာ ကျေးဇူးကြီးပေစွ။ သူ့ကြောင့် ဒီကောင်းမှုကို ပြုရပေတယ်။ ငါတို့နဲ့ ထပ်တူထပ်မျှ ကောင်းမှု၏အဖို့ဘာဂကို ရပါစေ အမျှ... အမျှ... အမျှ"

သီရိမာကို ကျေးဇူးတင်စွာ အမျှဝေသည်။

နေ့ခင်းပိုင်းမှာ... သီရိမာနှင့်အတူ သူ၏ အကူအညီ အခြွေအရံများ ဘုရားကျောင်းတော်သို့ သွားကြသည်။ သန့်ရှင်းရေးမှအစ ဝေယျာဝစ္စ ကောင်းမှုပြုကြသည်။ ကိုးပါးသီလကို ကောင်းစွာ ဆောက်တည်၍ တရားဘာဝနာပွားများကြသည်။

ညနေပိုင်းနှင့် ညဦးပိုင်းမှာ နောက်တစ်နေ့ ဆွမ်းကပ်ရန်အတွက် စီစဉ်စရာရှိသည်တို့ကို ကြိုတင် ပြင်ဆင်ကြသည်။ ပြီးသည်နှင့် ဥတ္တရာ သည် သင့်တင့်သော အဆောင်ငယ်တစ်ခုမှာ မမြင့်သောနေရာ၊ မမြတ်သောနေရာတွင် သီလကို ကောင်းစွာ ဆင်ခြင်၍ အိပ်စက်၏။

မောင်နန္ဒနှင့် သီရိမာတို့ရှိရာ အိပ်ကြီးဘက်

www.burmeseclassic.com

www.burmeseclassic.com



သို့ အဝင်အထွက်မရှိရုံမက တစ်ချက်မျှပင် လှည့်မကြည့်။ မိမိ၏ အကူအညီများနှင့်အတူ အလှူကောင်းမှုများ မလစ်ဟင်းရအောင် ကြိုးစားနေရသည်။

နောက်တစ်နေ့မနက် အာရုံတက်သည်နှင့် ဆွမ်းချက်ကြသည်။ မြတ်စွာဘုရားနှင့် သံဃာတော်များကို ဆွမ်းကပ်ကြ၊ လှူကြ၊ တမ်းကြသည်။ ယခင်ရက်များက မလှူခဲ့ရသမျှ အတိုးချ၍ လှူဒါန်းကြသည်။

နေ့စဉ်နှင့်အမျှ ဘုရားရှင်နှင့်တကွ သံဃာတော် အရှင်မြတ်များကို ဖူးမြင်နေရသည်။ လှူဒါန်းနေသည်။ သီတင်းသီလ ဆောက်တည်၍ တရားနာရသည်။ တရား ဘာဝနာပွားရသည်။

"ဩော်... အဟောဝတသုခံ ချစ်သာလေစွတကား သာဓု... သာဓု... သာဓု..."

ဥတ္တရာနှင့်တကွ သူ၏ အခြွေအရံများ ကောင်းမှု ကုသိုလ်မှာ ကောင်းစွာမွေ့လျော်နေကြရပါ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



မနက်လင်း၍ အိပ်ရာမှ နိုးသည်နှင့် သီရိမာ၏ လက်တံသွယ်ပြောင်း ဆင်နှာမောင်းသည် မောင်နန္ဒ၏ ကိုယ်အထက်ပိုင်းကို ပွေ့ပိုက်လျက်သား ဖြစ်နေ၏။ နူးညံ့သောလက်ချောင်းဖော့ဖယောင်းတို့က မောင်နန္ဒ၏ နား၊ ပါးပြင်၊ နှုတ်ခမ်းတို့ကို ညင်သာစွာ ထိတွေ့၏။ ပြီးမှ... လည်ပင်း၊ ရင်ဘတ်တို့ကို အသာအယာပွတ်သပ်ပေးသည်။ ကယုကယင်ညင်သာသော အတွေ့ထူးတို့မှာ မောင်နန္ဒရင်မောစွာ ယမ်းမူးရလေပြီ။

"အို... အချစ်ကလေးသီရိမာရယ် ချစ်စရာကောင်းအောင် ပြုတတ်ပါပေတယ်။ အချစ်ကလေးကို ချစ်ရလွန်းလို့ မောင်ရူးလိမ့်မယ်"

မောင်နန္ဒ... သီရိမာဘက်သို့ လှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သီရမာ မောင်နန္ဒအနီးသို့ တိုးကပ်သွား၏။

နှစ်ဦးသား လွတ်ထွက်သွားမှာ စိုးသည့်အလား တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားမိကြ၏။

အတူတူပါပဲ မောင်ရယ်... သီရိကလည်း မောင့်ကို ချစ်လွန်းလို့ ရူးနေရပါပြီ။

အရဏ်တက်ချိန်မှာပင် အချစ်စိတ် ထိပ်တက်၍ အမှောင်ထုအတွင်းသို့ သက်ဆင်းမိကြပြန်သည်။

အချိန်တိုင်း နေရာတိုင်းမှာပင် အမှောင်တကာ့ အမှောင်ကြောင့် အလင်းပျောက်လျက်ရှိကြသည်။

စက်ခန်းဆောင်မှ ကြာခြည်ယံအတွင်းမှာ အတူ အုံးစက်ရင်းလည်း ယမက်ကွန်ရက်မှ ရုန်းမထွက်နိုင်။

ရေချိုးခန်းအတွင်းမှာ ရေအတူ ချိုးရင်းလည်း ကိလေသာရေယဉ်ကြောမှာ မျောပါကြသည်။

ထမင်းစားဆောင်မှာ ထမင်းအတူ စားရင်

www.burmeseclassic.com

www.burmeseclassic.com



ပင် အားနေသောလက်ချင်း ဆုပ်ကိုင်ထား၍ မျက်လုံးအကြည့်ချင်း ဒဿနသံသဂ္ဂ ဖြစ်နေမိကြ၏။

နေ့မှန်းလည်းမသိ၊ ညမှန်းလည်းမသိ။ အချိန်ကုန်လို့ ကုန်မှန်းမသိ။

ယမက်၊ ကိလေသာ၊ ကာမဂုဏ် ဆားငန်ရေနောက် ငတ်တိုင်းသောက်... ထသောက်လေသောက်လေးသောက် မပြေ။

ဝေဒနာပြီး ဝေဒနာ၊ ခံစားမှုပြီး ခံစားမှု။

အားလုံးကို မေ့လျော့သည်။ ဘာကိုမျှ မသိ။ ဘယ်သူ့ကိုမျှ သတိမရ။ လောကအလုံး အမိုက်မှောင်ကြီး ဖုံးလျက်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"အို ... အေးငြိမ်းပေစွ ချမ်းသာပေစွ ဘုရားအရိပ်၊ တရားအရိပ်၊ သံဃာအရိပ်ဆိုတာ ဘာနဲ့မှမတူအောင် အေးမြပါလား"

ဥတ္တရာ၏ ရင်ထဲမှာ အေးငြိမ်းချမ်းသာ လျက်ရှိ၏။

(၁၄)ရက် ကာလပတ်လုံး သီတင်းသီလ ဆောက်တည်ရသည်။ ဘုရားရှင်နှင့် သံဃာတော်များကို ဆွမ်းလောင်းလှူရသည်။ ဝေဠုဝန်ကျောင်းတော်သို့သွား၍ တရားဘာဝနာ ပွားရသည်။

အလှူပြီး အလှူ၊ ကောင်းမှုပြီး ကောင်းမှု။
အေးချမ်းမှုချင်း ဆက်နေ၏။
စေတနာ၊ သဒ္ဓါ၊ ဘာဝနာ။

"မနက်ဖြန်ကာ သီတင်းကျွတ်လပြည့်နေ့ ဘုရားရှင်နဲ့တကွ သံဃာတော်အရှင်မြတ်များကို အိမ်မှာ ဆွမ်းကပ်ရမယ်၊ လှူရ တန်းရ တရားနာ ရမယ်၊ ကောင်းလေစွ သာဓု... သာဓု... သာဓု"

www.burmeseclassic.com

www.burmeseclassic.com



ဘုရား အစရှိသော ရဟန်းတော်များအတွက် ချက်ကြ၊ ပြုတ်ကြသော အခြေအရုံများ၏ အလယ်မှာ စီမံခန့်ခွဲနေသော ဥတ္တရာ၏ မျက်နှာကလေးသည် ပကတိကြည်လင် အေးချမ်းနေ၏။

“သခင်မလေး... ဒီဟင်းကို မြည်းကြည့်ပေးပါဦး”

စိတ္တာကမ်းလာသော ဇွန်းကိုယူ၍ ပွက်ထနေသော နေရာမှ ဟင်းရည်အနည်းငယ်ကိုယူပြီး လျှာဖျားတွင် တင်ရုံမျှ မြည်းကြည့်သည်။

“အင်း... ကောင်းပါတယ်ကွယ်။ ညီမတို့က စေတနာ ကောင်းတော့... ဟင်းတွေကောင်းတာပေါ့။ ဘုရားရှင်နဲ့ သံဃာတော်တွေအတွက် စေတနာထားပြီး အကောင်းဆုံး၊ အသန့်ရှင်းဆုံးဖြစ်အောင် ကြိုးစားကြ ညီမတို့”

“သခင်မ ဒါက ဘုရားရှင်နဲ့ သံဃာတော်တွေအတွက် ကျွန်မက အလှူပါဝင်တာပါ”

“အို... လှလိုက်တဲ့ပန်းတွေ၊ သာဓု... သာဓု... သာဓု။ တော်လိုက်တာ... မာလာရယ်”

“သခင်မလေး ဘုရားရှင်နဲ့ သံဃာတော်

www.burmeseclassic.com



တွေအတွက် နေရာထိုင်ခင်းတွေ ပြင်ဆင်ထားရ တော့မလား၊ ကျွန်မတို့... အားနေတယ် သခင်မ”

“ဩော်... ဟုတ်ပါရဲ့။ မမခေမာရေ ဟောဒီ ပဘာဝတို့ကို သိုးမွေးကော်ဇောတွေ ထုတ်ပေးလိုက်ပါနော်”

“သခင်မလေး... ထောပတ်ဆီပူအိုးက ဆီကျက်နေပြီ။ မုန့်တွေ ကြော်တော့မယ်နော်”

“ဩော်... အေး... အေး... ခဏနေဦး။ သာဝတ္ထိက ဒါနဖြစ်အောင်... မမကိုယ်တိုင် ကြော်မယ်”

မီးပူ၊ ဆီပူကြောင့် ချွေးပြိုက်ပြိုက်ကျနေသော်လည်း စေတနာသဒ္ဓါစိတ်ကြောင့် ဥတ္တရာ၏ ရင်ထဲမှာ အေးမြနေသည်။

မုန့်ကြော်ရင်း ရတနာသုံးပါးကို ကြည်ညို စွာ အာရုံပြုလိုက်သည်။

“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ”

× × ×

www.burmeseclassic.com

www.burmeseclassic.com



အိစက်ညက်ညောသော ဖဲမွေ့ရာထက်တွင် သီရိမာသည် မောင်နန္ဒ ရင်ခွင်ကျယ်ကို ခေါင်းအုံးပြု၍ ကန့်ကလျလှဲမှီနေသည်။

"အစ်ကိုနဲ့ ဒီလိုနေရတာ ပျော်ရဲ့လား... သီရိမာ"

"သိပ်ပျော်တာပဲ အစ်ကိုရယ်... သီရိမာလေ... အစ်ကိုနဲ့ခွဲပြီး မနေချင်တော့ဘူးသိလား... ဟောဒီလို ရွှေလည်တွဲပြီး အမြဲတမ်းချစ်ပွဲဝင်နေချင်တယ်"

"အို... နေချင်ရင် နေရမှာပေါ့... အချစ်ကလေးရယ်"

"ဟင့်အင်း... အစ်ကိုမယားကြီး ဥတ္တရာရှိနေတာ ဘယ်မှာနေလို့ရမလဲ"

သီရိမာက နှုတ်ခမ်းကလေးစူပြီး အိပ်ရာတစ်ဖက်စွန်းမှ ခေါင်းအုံးသို့ ရွှေ့သွားသည်။

"ဟား... ဟား... ဥတ္တရာကို ထည့်ပြောမနေပါနဲ့ အချစ်ရယ်။ ခုလောက်ဆိုရင်... ချက်ဟယ်ပြုတ်ဟယ်နဲ့ မီးဖိုဘေးမှာ ပူလောင်နေမှာ...သူက ဒီလိုအေးအေးချမ်းချမ်း နေချင်တာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သီရိမာက တစ်ဖက်သို့စောင်းအိပ်နေရာမှ မောင်နန္ဒဘက်သို့ ပြန်လှည့်လိုက်သည်။ ခေါင်းအုံးထက်တွင် ဖိုးရိုးဖားရားကျနေသော ဆံပင်များအကြားမှ သီရိမာ၏ ဖြူဝင်းသောမျက်နှာလေးနှင့် ကပိုကရိုဖြစ်နေသော အဝတ်အစားများကြောင့် သီရိမာ၏ ကသီကရီအလှသည် တစ်မျိုးတစ်ဖုံ ဆွဲဆောင်မှုရှိ၏။

သီရိမာက... မောင်နန္ဒ၏ မျက်နှာကို ငေးကြည့်ရင်း မောင်နန္ဒ၏ ရင်ဘတ်ပေါ်သို့ သူ၏ ဖြူနုသောလက်ကလေးကို လှမ်းတင်လိုက်သည်။

"သီရိမာလေ... မောင့်ကိုသိပ်ချစ်ပြီး သိပ်စွဲနေပြီရှင့်... သိလား"

သီရိမာ၏ ကပိုကရိုအလှကို ငေးမောနေသော မောင်နန္ဒသည် သီရိမာ၏ စကားကြောင့် သိပ်သဘောကျသွား၏။

"ဟား... ဟား... အစ်ကိုကလည်း အတူတူပါပဲဗျာ...။ သီရိမာကို သိပ်ချစ်ပြီး သိပ်စွဲနေပြီ။ အမြဲတမ်း ဟောဒီလို"

"ဟင့်အင်း... ခဏနေဦး။ သီရိမာ ရေချိုးပြီး အလှပြင်လိုက်ဦးမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



သီရိမာက မောင်နန္ဒ၏ ပွေ့ဖက်လာသော လက်များကို ဟန့်တားတွန်းဖယ်ရင်း အိပ်ရာထက်မှ ထလိုက်သည်။

"မောင်လည်း ရေချိုးခန်းထဲ လိုက်ခဲ့မယ်"

"ရေချိုးမှာလား... မောင်"

မောင်နန္ဒက ခေါင်းခါပြသည်။ ရေတော့ မချိုးချင်။

"ရေမချိုးရင် မလိုက်ခဲ့ပါနဲ့ မောင်ရယ်၊ မကြာစေရပါဘူး... ခဏလေးပါ... ဒီအိပ်ရာပေါ်မှာ ငြိမ်ငြိမ်လေး နားနေလိုက်နော်"

"မကြာစေနဲ့အချစ်ကလေးရယ် အကြာကြီး ခွဲပြီး... မောင်မနေနိုင်ဘူး"

သီရိမာက... အချစ်ရည် ရွှန်းလဲ့သော အကြည့်ဖြင့်ကြည့်၍ ခေါင်းညိတ်ပြပြီး အိပ်ခန်းထဲမှ ထွက်သွားသည်။

တစ်ခဏကြာမည့် အချိန်ကလေးကို သည်းခံစောင့်ရမည့် အရေးအတွက် မောင်နန္ဒ ရင်မောစွာ သက်ပြင်းချ မိသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ကြေးခွက်ကိုစောင်း၍ လောင်းချလိုက်သော ရေအလျဉ်သည် သီရိမာ၏ မျက်နှာ၊ လည်ပင်း၊ ပခုံးတို့မှတစ်ဆင့် တစ်ကိုယ်လုံးသို့ ဖြာ၍ စီးဆင်းသွားကြ၏။

မိမိ၏ ကိုယ်ခန္ဓာကို သန့်ရှင်းစင်ကြယ်အောင် ဆပ်ပြာမွှေးဖြင့် ဂရုတစိုက် ပွတ်တိုက်သန့်စင်သည်။

သီရိမာ၏ဆန္ဒမှာ ခါတိုင်းထက်ပင် ပို၍ သန့်စင်ချင်သည်။ ခါတိုင်းထက်ပင် ပို၍မွှေးပျံ့ချင်သည်။ ထို့ကြောင့် ဆပ်ပြာအကြိမ်ကြိမ်တိုက်၍

www.burmeseclassic.com

www.burmeseclassic.com



ရေကို အထပ်ထပ်လောင်းနေမိသည်။ မွေးညင်းတစ်မျှင် ဆံပင်တစ်ချောင်းပင် ညစ်နွမ်း၍ မနေစေချင်။

"အို... ငါ ဘာလို့ ဒီလောက်အဖြစ်သည်းနေရတာပါလိမ့်"

သီရိမာ... ကိုယ့်ဘာသာ ပြန်တွေးရင်းနေ သက်ပြင်းတစ်ချက် ချမိသည်။

"ဟင်... သူဌေးသားကို ငါ့ရင်ထဲမှာ တကယ်ပဲ ချစ်ခင်စွဲလမ်းနေမိပါပကောလား..."

ကိုယ့်စိတ်ကိုယ် ပြန်သုံးသပ်မိသည်နှင့် သီရိမာ ထိတ်လန့်ရသည်။

"အင်းလေ... ငါ့တစ်သက်လုံးမှာလည်း ဘယ်ယောကျ်ားနဲ့မှ ခုလောက် ရက်ကြာကြာ နှစ်ယောက်တည်း အတူတွဲပြီး မနေခဲ့ရပဲကိုး။ တချို့ယောကျ်ားဆိုတာကလည်း ကြေးစား တစ်ယောက်ကို ငွေပေးပြီး ကြေးစားလို ဆက်ဆံခဲ့ကြတာပဲ။ ဒီတော့လည်း... ရှေ့အသပြာ နောက် ခန္ဓာဆိုတာမျိုးပေါ့။ ခုတွေ့... ခုမေ့တဲ့ ဘဝ။ ဒီသူဌေးသားနဲ့ကျမှ နေ့ရောညပါ ရက်တွေကြာ

www.burmeseclassic.com

www.burmeseclassic.com



အောင် နှစ်ယောက်တည်း အတူတွဲပြီး နေရတယ်။ ပြီးတော့... သူက သိပ်ပြီးကြင်နာတတ်၊ ယုယတတ်၊ ချစ်တတ်တဲ့လူ။ အို... ငါ့စိတ်ထဲမှာ သူ့ကို ငါ့လင်အစစ်လို ထင်နေမိပြီ"

ဆယ့်ငါးရက်ဆိုသော အချိန်က မြန်လွန်းလှ၏။ မနက်ဖြန်ဆိုလျှင် ပြည့်တော့မည်။ အချိန်တန်၍ အိမ်ပြန်လျှင် သူဌေးသားနှင့် ခွဲရတော့မည်။

"လွမ်းလိုက်တာ... မောင်ရယ်"

မခွဲခင်က လွမ်းနေရပြီ။ အိပ်မက်ရှည်ကြီး မက်နေသည်မှ လန့်နိုးရတော့မည်... မနိုးချင်သေး။ အိပ်မက်လည်း မဆုံးချင်သေး။ သူဌေးသားနှင့်အတူ နေချင်သည်။

"မခွဲချင်ဘူး... မောင်ရယ်"

သီရိမာ ရေချိုးရင်း တွေးနေမိရာမှ အတူနေရချိန်လေး လျော့သွားမှာစိုး၍ အတွေးစကို ဖြတ်ပြီး ဖလားဖြင့် ရေကိုခပ်လိုက်သည်။

"တို့နှစ်ယောက်ကြားမှာ ရှုပ်နေတာ... သူ"

လောင်းချိုးလိုက်သော ဖလားထဲမှရေသည်

www.burmeseclassic.com

www.burmeseclassic.com



မအေးဘဲ တစ်ကိုယ်လုံးပူသွားသည်ဟု ထင်မိသည်။

အရှုပ်မ ဥတ္တရအပေါ် လုံး၀မကျေနပ်။

ရေချိုးပြီးသောအခါ သီရိမာအလှပြင်ခန်းသို့ဝင်၍... ရေမွှေးမှုန့် နံ့သာကော်မှုန့်အမျိုးမျိုးနှင့်ကြိုးစားပြီးအလှပြင်၏။

"အလှဆုံးဖြစ်အောင် ပြင်ရမယ်။ ဒါမှ... ငါ့ကို သူ့မယားဥတ္တရာထက်... ပိုချစ်မှာ"

အကောင်းဆုံး ၀တ်စားတန်ဆာများကိုထုတ်၍ ၀တ်ဆင်ပြန်သည်။

"ဥတ္တရာသာမရှိရင် သူဌေးသားကို ငါ... တစ်သက်လုံး ပိုင်ရမှာ။ အင်း... သေလိုက်ပါလား ဥတ္တရာရယ်"

× × ×

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသားမောင်နန္ဒသည် သီရိမာပေါ်လာခဲ၍ အိပ်ရာပေါ်မှစောင့်နေရင်း အားမလိုအားမရဖြစ်မိသည်။

"ကြာလိုက်တာ... သီရိမာရယ်"

ပူလောင်စိတ်ကို သက်သာရန်းဖြင့် အိပ်ရာမှ ထ၍ အပြင်သို့ထွက်ခဲ့၏။ လေသာပြတင်းက ပွင့်နေသည်။ လေအေးကလေးရလိုရငြား လေသာပြတင်းဝမှာသွား၍ ရပ်သည်။

"အို... ဟိုမှာ... ဥတ္တရာ"

အခြေအရုံများနှင့်အတူ မမောနိုင်မပန်းနိုင် ချက်ပြုတ်နေသော ဥတ္တရာကို လေသာပြတင်းမှ လှမ်းမြင်ရသည်။

"သြော်... ဥတ္တရာ... ဥတ္တရာ မိုက်လိုက်တဲ့ မိန်းမ...။ အေးအေးချမ်းချမ်း နေနိုင်ပါလျက်နဲ့ ပူပူလောင်လောင် အဆင်းရဲခံနေလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသား ပြုံးမိသည်။

ထိုအချိန်တွင် အလှပြင်ခန်းမှ ထွက်လာသော သီရိမာသည် ပြုံးနေသော သူဌေးသားကို လှမ်းမြင်သည်။

"ဟင်... သူ ဘာကိုကြည့်ပြီး ဘာကိုပြုံးနေတာပါလိမ့်"

သီရိမာသည် သူဌေးသား၏ ဘေးသို့ ပြေးသွားပြီး ပြတင်းပေါက်မှ အောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ချက်ပြုတ် ကြော်လှော်နေသော ဥတ္တရာကို တွေ့ရသည်။

"သြော်... လက်စသတ်တော့ သူကိုး။ ဟို မိန်းမကို ကြည့်ပြီး ကြည်နူးနေတာကိုး။ ဟင်း... မိန်းမကလည်း ကိုယ့်ဘာသာ ပူပူလောင်လောင် ကြော်လှော်နေတာ မဟုတ်ဘူး။ အောက်ကနေ ငါ့လင်ကို လှမ်းမြှူနေတာ သိကြသေးတာပေါ့"

သီရိမာ၏ ရင်ထဲမှာ မနာလိုဝန်တိုစိတ်ကြောင့် ပူလောင်နေသည်။ နလုံးခုန်အား မြင့်လာ၍ သွေးတိုးအားက နားထင်အထိ ခေါင်တိုးလာ၏။ တစ်ကိုယ်လုံး ပူထူသွားသည်။ အံကို

www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းပါအောင် ကြိတ်လိုက်သည်။ မျက်စိများ ပြာဝေလာကြပြီ။ ကြီးမားသော ဝန်တိုစိတ်က ခက်ထန်သော ဒေါသသို့ လျှင်မြန်စွာပြောင်းလဲ သွား၏။ သီရိမာ အောက်သို့ပြေးဆင်းသွားသည်။

"သီရိမာ... အချစ်၊ သီရိမာ အချစ်ကလေး"

သူဌေးသားက လှမ်းခေါ်သော်လည်း မရ တော့ပါ။

ဥတ္တရာသည်... သီရိမာ ဆင်းလာသည်ကို မြင်လေသော်...

"ဩော်... ကျေးဇူးရှင်မ သီရိမာ။ ကျေးဇူး ကြီးလှပါပေတယ်။ သူ့ကြောင့် ငါ... ဒီလိုလှူခွင့် တန်းခွင့်ရပေတယ်"

သီရိမာ၏ ကျေးဇူးတရားကို မြတ်နိုး လေးစားနေမိ၏။

ထိုအချိန်တွင်... သီရိမာသည် မနာလို ဝန်တိုခြင်း၊ သူဌေးသားကို ပိုင်ဆိုင်လိုသော လောဘဖြစ်ခြင်း၊ ဥတ္တရာအပေါ် မကျေမနပ် ဒေါသကြီးခြင်းတို့ကြောင့် မောဟဖုံးနေပြီ။ သူ့လင် ကို ကိုယ့်လင်ထင်၍ အမှားကို အမှန်ထင်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားဆင်ခြင်ဉာဏ်ကင်း၍ စုံလုံးကန်းသွားပြီ။ ထို့ကြောင့်... ကျိုက်ကျိုက်ဆူနေသော ထောပတ်ဆီပူများကို ယောက်ချိုကြီးတစ်ခုဖြင့် ခပ်ယူပြီး ဥတ္တရာထံ ရှေးရှု၍ သွားသည်။

"အို..."

သီရိမာ၏ တင်းမာပူလောင်သော မျက်နှာကို မြင်ရုံနှင့် အန္တရာယ်ကို သိမြင်လိုက်ပါသည်။

"သီရိမာ... ငါ့ကို ထောပတ်ဆီပူနဲ့ လောင်းတော့မယ်။ ကျေးဇူးရှင်မ သီရိမာ သူ့ကြောင့်သာ ငါဟာ သီလဆောက်တည်ခွင့်ရတယ်... အလှူဒါနပြုခွင့်ရတယ်... ဘုရားရှင်နဲ့ သံဃာတော်များကို ဖူးမြင်ခွင့်ရတယ်... တရားနာရ၊ ဘာဝနာပွားများခွင့်ရတယ်။ ကျေးဇူးကြီးတဲ့... သီရိမာကို ငါ မေတ္တာမပျက်... ဒေါသမထွက်ဘူး။ ဒေါသ ထွက်မိလျှင် ဆီပူလောင်၍သေပါစေ... သီရိမာအပေါ်မှာ အမျက်မကွက် မေတ္တာသက်ဝင်လျှင် ဆီပူသည် နံ့သာရည်လို အေးပါစေ"

ဥတ္တရာသည် ခုခံခြင်း၊ ရှောင်ဖယ်ခြင်း မပြုဘဲ သီရိမာကျေးဇူးကို အောက်မေ့၍ သီရိမာကို မေတ္တာပို့လျက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပူလောင်နေသော သီရိမာသည် ပူလောင်နေသော ဆီပူဖြင့် ဥတ္တရာ၏ ဦးခေါင်းထက်သို့ လောင်းချလိုက်သည်။

သို့သော်... ဥတ္တရာ၏ သန့်စင်အေးမြသော မေတ္တာအစွမ်းကြောင့် ကျိုက်ကျိုက်ဆူနေသော ထောပတ်ဆီပူသည် နှံ့သာရည်နှယ် အေးမြချမ်းမြေ့သွား၏။

"ဟင်... သူ ဘာမှမဖြစ်ပါလား"

သီရိမာ အံ့ဩသွားသည်။

"ဩော်... ငါယူတာ နေးလို့ အေးသွားဟန်တူတယ်။ ဒီတစ်ခါ သေစေရမှာပေါ့ ဥတ္တရာရယ်"

သီရိမာသည်... ထောပတ်ဆီပူအိုးဆီသို့ တစ်ခေါက် ပြန်သွားပြန်၏။ သို့သော်... ဥတ္တရာ၏ အခြွေအရံများ မြင်သွားကြပြီ။

"သီရိမာက... သခင်မလေးကို ဆီပူနဲ့ လောင်းနေပြီ"

"ထပ်လောင်းလိမ့်ဦးမယ်... သွားခပ်နေ ပြန်ပြီ"

အခြွေအရံများ သီရိမာထံသို့ ပြေးသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပေးစမ်း... ကဲဟယ်..."

တစ်ယောက်က ယောက်ချိုကို ဆွဲလုပြီး သွင့်ပစ်လိုက်သည်။

"ကျေးဇူးကန်းမ... သေပေတော့"

"အယုတ်တမာမ..."

"ပြည့်တန်ဆာမ..."

သီရိမာကို ဝိုင်း၍ထုကြ၊ ထောင်းကြသည်။

အော်ဟစ်သံ... ရိုက်ပုတ်သံတို့... ဆူညံ သွား၏။

"ဟဲ့... ဟဲ့... ငါ့ကျေးဇူးရှင်မကို မလုပ်ကြ ပါနဲ့"

ဥတ္တရာတောင်းပန်သော်လည်း မရ။ အခြွေ အရံများက သီရိမာကို ငါးဖယ်တေ... တေနေ ကြပြီ။

"ဟဲ့... လွတ်ကြပါ... ဖယ်ကြပါ"

သီရိမာဆွဲသော်လည်း မရ။

"အို... ဒီလိုဆို ငါ့ကိုသာ ထုကြတော့..."

ဥတ္တရာက သီရိမာ၏ ကိုယ်ပေါ်မှာ ပက်လှဲ၍ ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့... ဟဲ့... သခင်မကို ရိုက်မိမယ်။ ဟဲ့... မလုပ်ကြနဲ့တော့ ငါတို့သခင်မကို ထိမိမယ်"

ထုရိုက်သူတို့ ဖယ်သွားကြသည်။

"အို... ညီမသီရိမာ ဘယ်နာသွားသေးလဲ ဖြစ်ရလေကွယ်... ထ... ထ မမထူပေးမယ်"

ဥတ္တရာက သီရိမာကို ဆွဲထူပေးသည်။ မြေမှုန့်အလူးလူး ပေကျံနေသည်ကို ကြင်နာစွာဖြင့် ပွတ်သပ်၍ ခါပေးသည်။

"အို... မိုက်လိုက်ကြတာ... ထုမိရိုက်မိတာတွေ ဖူးလို့၊ ယောင်လို့ပါလား... ဟဲ့... ပဘာတို့... သုစိတ္တာတို့... ရေနွေးယူခဲ့... ဆေးယူခဲ့"

အခြွေအရံများသည် သီရိမာကို မကျေနပ်သော်လည်း သခင်မလေးဥတ္တရာ၏ အမိန့်ကို မလွန်ဆန်ရဲ၍ သွားကြရသည်...၊ ဆေးယူကြရသည်။

"ဩော်... ဖြစ်မှဖြစ်ရလေ ညီမလေးရယ်..."

ဥတ္တရာက သီရိမာအတွက် စိတ်မကောင်း။

ပဘာက ရေနွေးယူလာပေးသည်။

"ဟင်... မိုက်မဲလိုက်ကြတာတွေ မေတ္တာ

www.burmeseclassic.com



တရားထားကြပါလို့… အတန်တန်ပြောတာ နား မဝင်ကြဘူးကိုး”

ဥတ္တရာသည် သီရိမာ၏ ဒဏ်ရာများကို ရေနွေးဖြင့် တယုတယသန့်စင်ပေးသည်။ ပြီးမှ… စိတ္တယူလာသော ဆေးအဆီဖြင့် အသာအယာ ပွတ်လိမ်းပေးသည်။

ဥတ္တရာကိုကြည့်၍ သီရိမာ အံ့ဩသည်။ ဥတ္တရာ၏ အကြင်နာကြောင့် ဝမ်းနည်းကြေကွဲ ရသည်။

သီရိမာဒဏ်ရာက မနာ၊ ဥတ္တရာကိုကြည့်၍ ရင်ထဲမှာ နာကျင်လာသည်။

“အို ညီမလေး… သီရိမာနာလို့လားကွယ်”

ဥတ္တရာမေးကာမှ သီရိမာရှိုက်၍ ငိုရပြီ။ ကိုယ့်ကိုယ်ကိုယ်လည်း ခွင့်မလွှတ်နိုင်အောင် ဖြစ် ရသည်။

“ဟင် အမိုက်မ… ကျေးဇူးရှင် သူတော် ကောင်းကို စော်ကားမိပြီ… ငါမှားပြီ”

သီရိမာ ထိတ်လန့်တုန်လှုပ်ရပြီ။ ရင်ထဲမှာ ကြက်ပွက်ဆူမျှ ပူလောင်ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အို... ငါ့ရင်တွေ ပူနေပြီ... သူ့ကို မတောင်းပန်ဘဲနေရင် ငါရင်ကွဲပြီး သေပွဲဝင်ရ တော့မယ်"

သီရိမာ... ဆောက်တည်ရာ မရအောင် ကြောက်လန့်နေမိပြီ။

"အို... စိတ်သဘောထား ကြီးမြတ်လှတဲ့ အရှင်မဥတ္တရာ သီရိမာအမိုက်မကို ခွင့်လွှတ်တော်မူပါ"

သီရိမာသည် မာန်စွယ်ကျိုး၍ ဥတ္တရာ၏ ခြေအစုံကိုဖက်ပြီး ရှိခိုးတောင်းပန်သည်။

ဥတ္တရာရင်ထဲမှာ သီရိမာကို မတောင်းပန်မီ ကပင် ခွင့်လွှတ်ပြီးသား ဖြစ်ပါ၏။ သို့သော် အခွင့်သာခိုက်မှာ သီရိမာတစ်ခါတည်း အကျိုး တရားရအောင် ဘုရားရှင်နှင့် တွေ့စေချင်သည်။

"အို... ညီမလေး သီရိမာ... ငါ့တွင် ဘုရားရှင်ရှိသေးသည်။ ဘုရားရှင် ခွင့်လွှတ်လျှင် ငါခွင့်လွှတ်မည်"

"အို... ဘုရားရှင်တဲ့... ဘုရားရှင် ဘယ်မှာလဲ ဘုရားရှင်ကို ငါဘယ်လို ဖူးတွေ့ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မဥတ္တရာ... ဘုရားရှင်ကို သီရိမာ ဖူးမြော်ပြီး တောင်းပန်ချင်ပါတယ်၊ ဖူးတွေ့ခွင့် ရအောင် အကူအညီပေးပါ... အရှင်မ"

"ကောင်းပြီသီရိမာ... ဘုရားရှင်ကို ဖူးတွေ့ချင်ရင် မနက်ဖြန်နံနက်မှာ ဘုရားရှင် ဒီအိမ်ကို ကြွလာလိမ့်မယ်။ အဲဒီအခါမှာ သီရိမာ စေတနာ သဒ္ဓါတရားရှိသလောက် ဘုရားရှင်ကို လှူဒါန်းပါ။ ဘုရားရှင်ကိုဖူးမြင်... ဘုရားရှင်ဟောတဲ့ တရားကို နာပြီးမှ... အပြစ်ကို လျှောက်ထားပြီး... ဝန်ချ တောင်းပန်ပါ"

"ကောင်းပါပြီ... အရှင်မ။ ခုတော့... သီရိမာ ရင်ထဲမှာ ပူလောင်ပင်ပန်းနေတဲ့အတွက် အိမ်ကို ပြန်ပြီး နားခွင့်ပြုဖို့ တောင်းပန်ပါရစေ"

"ပြန်နိုင်ပါတယ်... သီရိမာ နားပါ"

× × ×

www.burmeseclassic.com

www.burmeseclassic.com



ယနေ့... သီရိမာ၏အိမ်သည် ယခင်ကနှင့် မတူ တစ်မူထူးခြားနေ၏။ ယခင်ကဆိုလျှင် အလှပြင်ကြ၊ အဆင်တန်ဆာ အမွှမ်းအမံ အခြယ်အသတွေ စီရင်ကြနှင့် အလုပ်ရှုပ်နေကြစမြဲ။ ယနေ့တော့ သီရိမာနှင့်အတူ သူ၏အခြွေအရံများသည် ဥတ္တရာ၏ အိမ်မှာကဲ့သို့ပင် ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်တို့ကို ချက်ပြုတ်ပြင်ဆင်နေကြသည်။

သို့သော်... သီရိမာ၏ရင်ထဲတွင် ယခုတိုင် ထိတ်လန့်တုန်လှုပ်နေဆဲ၊ ကြောက်ရွံ့ရှိုးရှိမ်နေဆဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ... အမိုက်မ။ အို... ငါ ဘယ်လို ဆောက်တည်ရမလဲ။ ငါဟာ... ကျေးဇူးရှင်ကို ကျေးဇူးကန်းတဲ့ အယုတ်တမာမ...။ သြော်... အရှင်မဉတ္တရာ သူတော်ကောင်းမ... သည်းခံခြင်းနဲ့ ပြည့်စုံတဲ့တရားရှင်မ... သူ့အသက်ကို အသေသတ် တာတောင် ခွင့်လွှတ်နိုင်တဲ့ မေတ္တာရှင်မ...ဒါပေမဲ့... ဘုရားရှင်က ငါ့ကို ခွင့်လွှတ်ပါ့မလား"

"ဘုရားရှင်နဲ့ ရဟန်းတော်တွေကို ကပ်လှူ ပူဇော်ရမှာနော်။ အကောင်းဆုံးဖြစ်အောင် လုပ်ကြ၊ အသန့်ရှင်းဆုံးဖြစ်အောင် ကြိုးစားကြ..."

အခိုင်းအစေများကို စိတ်မချ၍ နေရာ တကာမှာ ကိုယ်တိုင်ပါနေရသည်။

တစ်ညလုံး မည်သူမျှ မအိပ်ကြရ။

နောက်တစ်နေ့... အရုဏ်တက်သည်နှင့် အသင့် ဖြစ်သော လှူဖွယ်တို့ကို ဆောင်ယူပြီးလျှင် အခြွေအရံများနှင့်အတူ ဉတ္တရာ၏ အိမ်သို့ သီရိမာ လာခဲ့သည်။

"အို... အရှင်မဉတ္တရာ...။ သည်လှူဖွယ် ပစ္စည်းများကို ဘုရားရှင်နဲ့ သံဃာတော်များ

www.burmeseclassic.com

www.burmeseclassic.com



အတွက် လျှာဒါန်းပေးပါ... ဘုရားရှင် ခွင့်လွှတ်အောင်လည်း တောင်းပန်ပေးပါ"

"အို... ကောင်းပါပြီ။ ညီမငယ်... သီရိမာရယ် ဘုရားရှင်ကလည်း ခွင့်လွှတ်ပါလိမ့်မယ်"

အရှေ့ဘက်ကောင်းကင်တွင် နေမင်း၏ ရွှေ့ပြေးရောင်ခြည်များ ကွန့်မြူးလာသည်။ ရွှေမှုင်တန်းကလေးများ ယပ်တောင်ဖြန့်လာကြပြီ။

ထိုအချိန်တွင်... နေမင်း၏ အရောင်ထက်ပို၍တင့်တယ်သော ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက် ဘုရားရှင်သည် နောက်ပါရဟန်းသံဃာတော်များနှင့်တကွ ကြွတော်မူလာသည်။

ဥတ္တရာနှင့်အတူ သူ၏အခြွေအရံများက ရှိသေစွာ ခရီးဦးကြို၍ ဘုရားရှင်နှင့် ရဟန်းတော်များကို နေရာထိုင်ခင်းပေးကြသည်။

သီရိမာနှင့် သူ၏ နောက်ပါများသည် သင့်ရာမှာနေ၍ ဘုရားရှင်နှင့် ရဟန်းတော်များကို ဖူးမြော်နေကြသည်။

"အို... မြတ်စွာဘုရား နေမင်း လမင်းတို့ထက် အဆများစွာ သာလွန်တင့်တယ်တော်မူ

www.burmeseclassic.com

www.burmeseclassic.com



ပါပေတယ်။ အံ့ဖွယ်သရဲ ထူးကဲစွာ ကြည်ညိုစရာ ဖြစ်တော်မူသော မြတ်စွာဘုရား”

သီရိမာ၏ ရင်ထဲမှ လှိုက်လှဲသော သဒ္ဓါစိတ်တို့၏ စေ့ဆော်မှုကြောင့် သီရိမာ၏ လက်ချောင်းဆယ်စုံသည် အလိုလိုယှဉ်ပူး၍ ကြာငုံနှယ်ဖူးပြီး နဖူးပြင်သို့ တက်ရောက်နေလေပြီ။ နောက်ပါတို့လည်း သီရိမာနှင့်အတူ ကြည်ညိုစွာ လက်အုပ်ချီမိကြသည်။

ဥတ္တရာသည် ဘုရားရှင်နှင့် ရဟန်းတော်များကို ဆွမ်းကပ်ရာတွင် သီရိမာ၏ ဆွမ်းခဲဘောဇဉ်နှင့် လှူဖွယ်ပစ္စည်းတို့ကိုပါ ဆက်ကပ်လှူဒါန်းသည်။

ကိလေသာနွံ့အိုင်တွင် မာယာကွန်ယက်ဖြန့်ကျက်၍ ရမ္မက်တဏှာတို့ဖြင့် ပူလောင်ညစ်ထေးခဲ့ရသော သီရိမာ၏ နှလုံးသားသည် ဘုရားရှင်ကို ကြည်ညိုစိတ်ဖြင့် အေးမြ ချမ်းမြေ့ခဲ့ရသည်။ သဒ္ဓါစိတ်ဖြင့် ညွတ်နူးခဲ့ရသည်။

ဘုရားရှင် ဆွမ်းဘုဉ်းပေး၍ ပြီးသောအခါ သီရိမာသည် ဘုရားရှင်၏ခြေတော်ရင်း၌ ဝပ်စင်း၍ အကြိမ်ကြိမ် ဦးချနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား... တပည့်တော်ကို သနားသဖြင့် ခွင့်လွှတ်တော်မူပါဘုရား။ တပည့်တော်မသည် ကျေးဇူးရှင် သူတော်ကောင်းမ ဥတ္တရာကို မနာလို အမုန်းပွား၍ ပွက်ပွက်ဆူသော ထောပတ်ဆီပူဖြင့်လောင်းပြီး သေကြောင်းကြံစည်ခဲ့သော အမိုက်မ သီရိမာပါ ဘုရား။ ဒါပေမဲ့... တပည့်တော်မရဲ့ ဆီပူဟာ တရားရှင်မဥတ္တရာရဲ့ မေတ္တာအစွမ်းကြောင့် နံ့သာရည်ကဲ့သို့ အေးမြ၍ ဘေးမသီရန်မခဖြစ်ခဲ့ရပါတယ် ဘုရား။ မေတ္တာရှင်မသူတော်ကောင်းကို တပည့်တော် ဝန်ချတောင်းပန်ခဲ့ပါပြီ ဘုရား။ တရားရှင်သူတော်ကောင်းမကြီးက အဖဘုရားသခင် ခွင့်လွှတ်လျှင် ခွင့်လွှတ်မည်လို့ ဆိုပါတယ် ဘုရား။ အရှင်မြတ်ဘုရား တပည့်တော်မ၏အပြစ်ခပ်သိမ်းကို သနားကရုဏာဖြင့် ခွင့်လွှတ်တော်မူပါဘုရား"

သီရိမာလျှောက်ထား တောင်းပန်သည်ကို ကြားလေသော် မြတ်စွာဘုရားရှင်သည် သူတော်ကောင်းတို့အား ပြစ်မှား ကျူးလွန်ခြင်း၏ အပြစ်ကြီးမားပုံကို သီရိမာအား ဟောကြား ဆုံးမတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ... ဥတ္တရာအား ရှေ့တော်သို့ခေါ်၍...

"ချစ်သမီး ဥတ္တရာ... သီရိမာက ကျိုက်ကျိုက်ဆူသော ထောပတ်ဆီပူနှင့် လောင်းလိုက်သည့်အချိန်မှာ မည်သို့သော စိတ်နှလုံးထားရှိသနည်း" ဟု မေးတော်မူ၏။

သီရိမာက ဘုရားရှင်အား ရိုသေစွာရှိခိုး၍...

"အရှင်ဘုရား... တပည့်တော်မသည် သီရိမာ၏ ကျေးဇူးကြောင့်သာ သီလဆောက်တည်ခွင့်... အလှူဒါနပြုခွင့်... ဘုရားရှင်နှင့် သံဃာတော်အရှင်မြတ်များကို ဖူးမြင်ခွင့်... တရားနာခွင့်... တရားဘာဝနာ ပွားခွင့်ရပေသည်...။ ကျေးဇူးရှင် မသီရိမာကို မေတ္တာမပျက်၊ ဒေါသမထွက်ပါ။ ဒေါသထွက်မိလျှင် ဆီပူလောင်၍ သေပါစေ။ သီရိမာအပေါ် ဒေါသမထွက်၊ မေတ္တာမပျက်လျှင် ဤဆီပူသည် နံ့သာရေလို အေးပါစေဟု မေတ္တာစိတ်ထားပြီး နေပါသည်ဘုရား" ဟု လျှောက်ထား၏။

"သာဓု... သာဓု... သာဓု"

မြတ်စွာဘုရားရှင်သည် ဥတ္တရာကို သာဓုခေါ်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



အက္ကောဒေန ဇိနေ ကောဓံ
အသာဓုံ သာဓုနာဇိနေ
ဇိနေကဒရိယံ ဒါနေန
သစ္စေနာ လိကဝါဒိနံ။
အဓိပ္ပာယ်ကား...
ချစ်သမီး ဥတ္တရာ...

အမျက်ဒေါသထွက်သူကို အမျက်မထွက်ခြင်းဖြင့် အောင်မြင်ရာ၏။ ယုတ်မာသော အကျင့်ရှိသူကို မြတ်သောအကျင့်ဖြင့် အောင်မြင်ရာ၏။ နှမြော ဝန်တိုတတ်သူကို ပေးကမ်းခြင်းဖြင့် အောင်မြင်ရာ၏။ မဟုတ်မမှန်ပြောသူကို မှန်သောစကားဖြင့် အောင်မြင်ရာ၏

ဟု ဟောကြားတော်မူပြီးနောက်... သစ္စာလေးပါးကို ဟောကြားတော်မူသည်။

တရားတော်ကို ရှိသေစွာ နာကြားသော သီရိမာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

သီရိမာသည် သောတာပန်အဖြစ်သို့ ရောက်ပြီးသော် မြတ်စွာဘုရားနှင့် သံဃာတော်

www.burmeseclassic.com

www.burmeseclassic.com



ငါးရာကို မိမိ၏အိမ်သို့ ပင့်ဖိတ်၍ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ပြန်သည်။

ထိုအချိန်မှစ၍... ဘုရား၏ သာသနာတော်ဝင် ဥပါသိကာအဖြစ်သို့ ခံယူတော်မူသည်။ မကောင်းမှုတို့ကို ရှောင်ကြဉ်၍ ကောင်းမှုတို့ကိုသာ ပြုသည်။

သံဃာတော်ရှစ်ပါးကိုလည်း အလှည့်ကျဖြင့် နေ့စဉ် အိမ်မှာပင့်ပြီး ဆွမ်းကပ်လှူဒါန်းလေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"အို… အချစ်ကလေး သီရိမာရယ်။ မင်း… ငါ့ကို ဘာလို့ပစ်သွားရတာလဲကွယ်"

သူဌေးသား မောင်နန္ဒမှာ သီရိမာပျောက်သွားသည့် အချိန်မှစ၍ ရင်ထဲမှာ ပူလောင်နေသည်။

ထိုအပူမှ… သက်သာရာ ရလိုရငြား သေရည်ကို သောက်သောအခါ ရမ္မက်အပူပေါ်တွင် အရက်ပူဆင့်၍ ပိုဆိုးသောဝေဒနာကို ခံစားရ၏။

"သီရိမာရယ်… ခုတော့ မင်းကို ဖွဲ့လမ်းတဲ့ စိတ်နဲ့ သေရည်မူးပြီး အရူးကြီးဖြစ်နေရပါပြီကွယ် အေ့… ထွိ"

"မောင်… သတိထားပါ မောင်ရယ်"

"ဟင်… မောင်ဆိုတာ ဘယ်သူလဲ"

အမူးလွန်သော မောင်နန္ဒ၏အသံမှာ ပုံမှန်မဟုတ်၊ အာလေး လျှာလေးဖြစ်နေသည်။

"မောင့်မယား… ဥတ္တရာလေ"

"အို… ဥတ္တရာ… သီရိမာ့ကို ခေါ်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"သီရိမာက ဘုရားရှင်ကိုဖူးတွေ့ပြီး သစ္စာလေးပါး တရားကို နာကြားရလို့ သောတာပန်ဖြစ်သွားပြီမောင်။ ယခင်ကလို ရှက်ဖွယ်သေးနုတ်တဲ့ အလုပ်တွေကို ဘယ်တော့မှ ပြန်လုပ်မှာ မဟုတ်တော့ဘူး... မောင်ရယ်"

"မလိုချင်ဘူး မင်းပြောတာတွေ ငါဘာမှ နားမလည်ဘူး... ဥတ္တရာ။ ဒါဟာ... မင်းမွှေးတဲ့မီး ငါ့ကိုငြိမ်းအောင် ငြိမ်းပေးပါ"

"မောင့်ရင်ထဲမှာလောင်နေတဲ့ မီးက ရမ္မက်မီးပါ မောင်... သူများငြိမ်းလို့ မငြိမ်းနိုင်ပါဘူး... ရမ္မက်တဏှာ ကိလေသာကို ကိုယ်ကိုယ်တိုင်ငြိမ်းမှ ငြိမ်းမှာပါ"

သူဌေးသားက ခေါင်းသွက်သွက်ခါအောင် ယမ်းလိုက်သည်။

"မဟုတ်ဘူး ဥတ္တရာ... ငါသိတယ် ဒီမီးက သီရိမာ ငြိမ်းမှ ရမှာ..."

"မောင်ပြောနေတာက မီးငြိမ်းကြောင်း မဟုတ်ဘူး မောင်... ရမ္မက်မီးကို လောင်စာဖြည့်ပေးတာသာဖြစ်တဲ့အတွက် ပိုပူပြီး ပိုလောင်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အို... ပူပါစေ၊ လောင်ပါစေ သီရိမာကို မင်းခေါ် မပေးနိုင်ရင် သီရိမာရှိရာကို ငါကိုယ်တိုင် သွားမယ်။ ဟဲ့... ရထားထိန်း... ရထားထိန်း ဘယ်မှာလဲဟေ့..."

"ရှိပါတယ်... အရှင်"

ရထားထိန်း အပြေးအလွှားလာသည်။

"ရထားကို အမြန်ပြင်ပြီးယူခဲ့... သွား"

"ကောင်းပါပြီ... အရှင်"

သူဌေးသားမောင်နန္ဒမှာ သီရိမာကိုတွေ့လို ဇောဖြင့် အမောကြီး မောနေသည်။

ဥတ္တရာ သိပါ၏။ မောင်နန္ဒသွားသော်လည်း သီရိမာကို တွေ့ခွင့်ရမည်မဟုတ်။

"ဩော်... သူ့ရင်ထဲမှာ တဏှာဘောဘာမီးတွေ တောက်လောင်နေတာကို မောဟဖုံးလွှမ်းနေတော့ မသိနိုင်ရှာဘူးပေါ့"

မောင်နန္ဒကိုကြည့်၍ ဥတ္တရာ ကရုဏာသက်မိသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



သီရိမာ၏ အမည်သတင်းကြီးသည်ကို ကြားသိ၍ စိတ်ဝင်စားနေသော ရဟန်းတော်တစ်ပါးသည် အလှည့်ကျ သံဃာရှစ်ပါးတွင် ပါဝင်၍ သီရိမာ၏အိမ်သို့ ဆွမ်းစားကြွရသည်။

မမြဲသော အနိစ္စတရား၊ ဆင်းရဲသောဒုက္ခတရား၊ အစိုးမရသော အနတ္တတရားတို့နှင့် အစဉ်ဆက်ဆံနေရသော သီရိမာ၏ ကိုယ်ခန္ဓာသည်လည်း အများသူငါ သတ္တဝါတို့ နည်းတူပင် ဖောက်ပြန်ပြောင်းလဲ၍ မကျန်းမမာအိပ်ရာထဲမှာ လဲနေရှာသည်။ ထို့ကြောင့် ... ရဟန်းတော်များကို သီရိမာကိုယ်တိုင် ဆွမ်းမကပ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ သီရိမာ... ဘယ်ဟာလဲ သီရိမာ"

သီရိမာ၏အမည်သတင်းကို ကြားရုံမျှနှင့် စိတ်ဝင်စားနေသော ရဟန်းတော်၏ မျက်ဝန်းများသည် သီရိမာ၏အိမ်သို့ ရောက်သည်နှင့် သီရိမာရှာပုံတော် ဖွင့်နေသည်။

"သီရိမာလို့ ခေါ်တဲ့အသံကို ဘယ်အခါမှာ ကြားရမလဲ။ အလွန်ချော၊ အလွန်လှတယ်လို့ ကျော်ကြားနေတဲ့ သီရိမာကို ဘယ်အခါမှာ မြင်ရမလဲ။ သီရိမာရဲ့အသံဟာ ဘယ်လိုသာယာပြီး ... ဘယ်လောက် ဆွဲဆောင်မှုရှိသလဲ...။ သီရိမာရဲ့ အသံလေးကို ဘယ်အခါမှာ ကြားရပါ့မလဲ"

သီရိမာ၏ အစေအပါးတို့သည် သံဃာတော်များကို ဆွမ်းကပ်၍ပြီးသော် အိမ်ခန်းအတွင်းမှ အိပ်ရာထက်တွင် လဲလျောင်းနေသော သီရိမာထံသို့ သွားကြသည်။

"အရှင်မ သံဃာတော်များကို ဆွမ်းကပ်လို့ ပြီးပါပြီ"

"အို... သာဓု... သာဓု... သာဓု။ ဆွမ်းအနုမောဒနပြုရအောင်... ငါ့ကိုတွဲပြီး ခေါ်ကြပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ… အရှင်မ"

အစေအပါးတို့သည် သီရိမာကို ပွေ့ထူ တွဲမှီ၍ သံဃာတော်များ အရှေ့မှောက်သို့ ခေါ် ဆောင်ခဲ့ကြသည်။

သီရိမာသည် တုန်ယင်သောကိုယ်ဖြင့်ပင် သံဃာတော်များကို ရိုသေစွာရှိခိုးလျက် ဆွမ်း အနုမောဒနာတရားကို နာကြားတော်မူသည်။

"အို… သီရိမာ အမည်သတင်းကြီးလှတဲ့ သီရိမာကို ငါမြင်ရပါပကောလား"

သီရိမာကို စိတ်ဝင်စားနေသော ရဟန်း တော်သည် ဣန္ဒြေကိုမျှ မထိန်းချုပ်နိုင်ဘဲ သီရိမာ ကို ကြည့်နေမိသည်။

"အင်း… အမည်သတင်းကြီးသလောက် လှပါပေတယ်။ မပြုမပြင်ပင်ကိုအတိုင်း မြင်ရတာ တောင် ဒီလောက် ယဉ်… ဒီလောက်လှနေတာ ပြုပြင် ပြင်ဆင်ထားလိုက်ရင် ဘယ်လောက်များ လှလိုက်မလဲ"

ရဟန်းတော်သည် ဝိနည်းသိက္ခာပုဒ်တော် ကိုပင် မငဲ့ကွက်နိုင်ဘဲ သီရိမာ၏အလှကို တပ်မက်

www.burmeseclassic.com



စိတ်ကြောင့် တဏှာရမ္မက်တို့ဖြင့် ရစ်ပတ်နှောင်ဖွဲ့မိလေသည်။

ဆွမ်းအနုမောဒနာပြီး၍ ကျောင်းတော်သို့ ပြန်ကြွခဲ့သော်လည်း ရဟန်းတော်၏အမြင်အာရုံတွင် သီရိမာ၏ ပုံရိပ်သည်သာ လွှမ်းမိုးနေခဲ့သည်။ ဖျောက်၍လည်း မပျောက်၊ ပျောက်အောင်လည်း မဖျောက်။

ကျောင်းပရိဝုဏ်အတွင်း၌ ဘယ်နေရာပဲကြည့်ကြည့် နေရာတိုင်းမှာ သီရိမာ။

ရဟန်းသည် ကွပ်ပျစ်ပေါ်မှာ လဲလျောင်း၍ မျက်စိကို ပိတ်၏။ ပုံရိပ်ထဲမှာ သီရိမာ။

"ဟင်... ဒီလောက်တောင် ရှိလှတာ"

သက်ပြင်းကို ခေါင်းမြီးခြုံ၏။ သီရိမာက မပျောက်။

ရဟန်းတော်၏ ရင်တွင်းမှာ ရမ္မက်မီးတို့ လောင်မြိုက်နေလေပြီ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကျော် ဝိသုတသည် သူကိုယ်တိုင် ရက်ပေါင်း၊ လပေါင်းများစွာကြာအောင် ရေးဆွဲနေသည့် သီရိမာ၏ ပုံတူပန်းချီကားချပ်ကို မျက်တောင်မခတ်ဘဲ ငေးကြည့်နေသည်။

"အို... လှရက်တဲ့ သီရိမာရယ်။ မင်းရဲ့ မျက်လုံးလေးတွေဟာ ကြည်နေတယ်... ရယ်နေတယ်... ပြုံးနေတယ်... အကြည့်ချင်း တစ်ခါဆုံရုံနဲ့ တစ်သက်လုံး စွဲမက်ရတဲ့ မင်းမျက်လုံးတွေကို ငါဘယ်လိုမှ မေ့လို့ရမှာမဟုတ်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... သီရိမာရယ် မင်းနှုတ်ခမ်းလေးတွေက နှင်းဆီလိုဖူးပြီး နှင်းဆီအရောင်လို နီပြေတယ်၊ နှင်းဆီ ပွင့်ဖတ်လို နူးညံ့တယ်။ ဒါပေမဲ့... နှင်းဆီထက် အဆပေါင်းများစွာ သာလွန်ပြီး စွဲမက်စရာကောင်းလှတယ်"

အရိုး၏ အရိပ်အယောင်မျှပင်မထင်ဘဲ ဖြောင့်စင်းသွယ်လျနေတဲ့ နှာတံအလှ... မို့မို့ ပြေပြေနှင့် ပန်းနုသွေးကြွနေတဲ့ ပါးပြင်ရဲ့အလှ၊ ဝဲပျံနေသော စင်ရော်၏အတောင်သို့ ကွေးညွှတ်ကော့သွယ်သော မျက်ခုံးအလှ... ညို့ညို့မှောင်ပြီး နုထွေး အိကျနေသော ဆံကေသာရဲ့အလှ... ဝန်းဝိုက်ပြည့်လုံးသော မေး၏အလှ...။ အို... အလှ တစ်ခုချင်းတွေကို လိုက်ဖက်ညီစွာ ပေါင်းစပ်လိုက်တော့မှ ဘယ်အလှမှ လိုက်လို့မမီအောင် ကျက်သရေရှိတဲ့ မင်းရဲ့ မျက်နှာအလှ။

ပန်းချီကျော် ဝိသုကသည် သီရိမာ၏ မျက်နှာဆီသို့ တရစ်ဝဲဝဲကျရောက်နေသော သူ၏ အလင်းတန်းနှစ်ခုကို အောက်ဘက်သို့ ရွှေ့လျားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... သီရိမာ သီရိမာ ဝင်းစက်တဲ့ အဲသားအရေနဲ့ ပြေပြစ်ကျော့ရှင်းတဲ့ မင်းရဲ့ ကိုယ်ခန္ဓာဟာလည်း အမို့အမောက် အဝှမ်းအရှိုင်း အချိုးအဆစ် ကျစ်လျစ်တင့်တယ်လှပါတယ်။

"ဒီအလှတွေအပေါ်မှာ ထပ်ဆင့်ပြီး စွဲမက်စရာ တန်ဆာဆင်ထားတာက မင်းရဲ့ ညို့ငင်တတ်တဲ့ မာယာအနုပညာ"

"ဩော်... ပန်းချီကျော်ဖြစ်တဲ့ ငါ့ကို ရှူးအောင် မူးအောင် စွမ်းဆောင်နိုင်တဲ့... သီရိမာ"

"မင်းရဲ့ ပုံတူပန်းချီကို ဆွဲပြီးကတည်းက ငါ... မင်းကို အစွဲကြီးစွဲနေမိပြီ သီရိမာ။ ဒါပေမဲ့... ငါ မင်းကို နောက်ထပ်... တွေ့ခွင့်မရနိုင်တော့ပါလား။ တွေ့ချင်... မြင်ချင်စမ်းပါသေးတယ်... သီရိမာရယ်"

လွမ်းဆွတ်တမ်းတစိတ်ကြောင့် ဝိသုကာ၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲ၍လာကြသည်။

"အို... ပန်းချီငိုရတဲ့ သီရိမာ"

ဝိသုကာသည် ပန်းချီဆွဲသားချပ်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



ဖြည်းညင်းစွာ ချဉ်းကပ်သွား၍ သီရိမာ၏ပုံကို လက်ဖြင့်ကြင်နာစွာ ကိုင်စမ်း တို့ထိနေမိသည်။

"သီရိမာ ချစ်ခင်စွဲလမ်းရတဲ့ သီရိမာလေးရယ်... အခုဆိုရင် ငါ့မှာ မစားရက်... မသုံးရက်... စုဆောင်းခဲ့တာ ငွေအသပြာတစ်ထောင်တိတိ ရှိနေပါပြီ... သီရိမာ"

"ဒီအသပြာတစ်ထောင်ကို မင်းရဲ့ တစ်နေ့တာအတွက် အခကြေးငွေပေးပြီး မင်းအလှနဲ့ မင်းရဲ့ အနုပညာ မာယာကွန်ရက်မှာ တစ်ခဏတာလေးဖြစ်ဖြစ် မိန်းမောစမ်းပါရစေ... သီရိမာရယ်"

"ဒါပေမဲ့... မင်းရဲ့ အပေါ်မှာ မင်းသား၊ သူဌေးသား၊ သူကြွယ်သားတွေဝိုင်းရံနေလို့ ငါ့အတွက် တစ်ရက်ကလေးတောင် အချိန်မပေးနိုင်သေး ပါလား... သီရိမာရယ်"

"နောက်တစ်ကြိမ် တဒင်္ဂလေးဖြစ်ဖြစ် မင်းရဲ့အလှကို တွေ့ခွင့် မြင်ခွင့်ရမယ်ဆိုရင် ငါ့အသက်ကိုပင် ပေးချင် ပေးရစမ်းပါစေ တွေ့ချင်လွန်းလှတယ် သီရိမာလေးရယ်"

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဒူ... ဟူ... ဟူ... ဟူ... ။

"အလို... မောင်းသံပါလား"

ဥတ္တရာ နားစွင့်နေမိသည်။

"တိုင်းသူပြည်သား လူအများတို့လေး..."

ဒူ... ဟူ... ဟူ... ဟူ...

"အိုမင်းမစွမ်းသူ အရွယ်မရောက်သေး သူမှအပ အားလုံးသူသာန်သို့ လာရောက်၍ သီရိမာအား ကြည့်ကြရမည်ဖြစ်ကြောင်း ကြေညာ မောင်းခတ်လိုက်သည်"

www.burmeseclassic.com

www.burmeseclassic.com



ဒူ… ဟူ… ဟူ… ဟူ…

"မောင်ရေ… မောင်"

လေသာပြတင်းဆီသို့ကြည့်၍ ငေးမောနေသော မောင်နန္ဒကို ဥတ္တရာက လှမ်းခေါ်လိုက်သည်။

"ဘာလဲ… ဥတ္တရာ"

မောင်နန္ဒက ငေးငိုင်လျက်မှ လှည့်မကြည့်ဘဲ မေးလိုက်သည်။

"သီရိမာကို… သုသာန်လာကြည့်ကြဖို့ မောင်းကြေးနင်းခတ်နေပြီ… မောင်"

မောင်နန္ဒ၏မျက်ဝန်းအစုံမှာ မျက်ရည်များ စီးကျလာသည်။

ဥတ္တရာလည်း စိတ်မကောင်းပါဘူး မောင်ရယ်…။ ဒါပေမဲ့… သူ့ခမျာ ဘဝပါရမီတတ်ခံရှိခဲ့တော့ မသေခင် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခွင့်ရသွားရှာတယ်။ ဘုရားရှင်ထံမှာ သစ္စာလေးပါးမြတ်တရားကို နာကြားခွင့်ရပြီး သောတာပန် မိန်းမမြတ်ဖြစ်သွားရှာတယ်။ အပါယ်လေးဘုံမှ လွတ်မြောက်သွားပြီဖြစ်တဲ့ သီရိမာအတွက် အားရကျေနပ်စရာပါ… မောင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသားက ခေါင်းကိုညင်သာစွာ ခါလိုက်သည်။

"မကျေနပ်နိုင်ဘူး ဥတ္တရာ။ မောင် မကျေနပ်နိုင်ဘူး။ ဒီလောကကြီးချော... ဒီလောကကြီး လှတဲ့ သီရိမာကို သေမင်းက ဘယ်အညှိုးနဲ့များ ငယ်ငယ်ရွယ်ရွယ်မှာ ခေါ်သွားရတာလဲ ဥတ္တရာရယ်..."

"သြော်... မောင်ရယ် အားလုံးဟာ မမြဲသော အနိစ္စတရားတွေချည်းပါပဲ။ ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင်ဆိုတာလို သေခြင်းတရားဟာ လူတိုင်းရဲ့ လက်တစ်ကမ်းမှာ ရှိနေပါတယ်... မောင်ရယ်။ ကြီးငယ်မဟူ သေခြင်းတရားကို မလွန်ဆန်နိုင်ကြပါဘူး"

"အို... မဟုတ်သေးပါဘူး ဥတ္တရာရယ်။ သီရိမာရဲ့ ချောလွန်းတဲ့မျက်နှာလေးနဲ့ လှလွန်းတဲ့ ကိုယ်ခန္ဓာလေးကို မောင်... နှမြောလွန်းလို့ပါ။ မောင့်မျက်စိထဲက ခုထိ လုံးဝမထွက်ဘူး"

"ဒီလိုဆိုရင်... အတော်ပဲပေါ့ မောင်ရယ် အခု... သုသာန်ကို သွားပြီး... နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်တဲ့အနေနဲ့ သီရိမာရဲ့အလှကို တစ်ဝကြီး ကြည့်ကြတာပေါ့"

"မောင်... မလိုက်တော့ဘူး ဥတ္တရာရယ်"

"အို... ဘုရင့်အမိန့်တော်ကို မောင်းစည် လှည့်ထားတယ်လေ။ မောင်မလိုက်ရင်... ရှစ်သပြာ ဒဏ်ဆောင်ရလိမ့်မယ်"

"ဆောင်လိုက်ပေါ့... ဥတ္တရာရယ်"

"မဟုတ်သေးဘူး... မောင်။ အသပြာ ဆောင်နိုင်ပေမယ့် မင်းအာဏာကိုဖီဆန်ရာကျရင် မကောင်းပါဘူး... မောင်ရယ်"

သည်လိုတော့လည်း ဥတ္တရာပြောသည်မှာ မှန်နေ၍ မောင်နန္ဒမငြင်းသာ... ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"ဟော့... ဒီအိမ်ထဲက ဘယ်သူလဲကွ"

မင်းချင်းများသည် အတွင်းမှလူရိပ်လူခြည် တွေ့ရသော အိမ်တစ်အိမ်၏ ရှေ့မှာရပ်၍ လှမ်းမေးသည်။

"ကျုပ်... ပန်းချီဆရာ ဝိသုကလေ"

ဝိသုကအိမ်ရှေ့သို့ထွက်၍ ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်သည်။

"ဩော်... ပန်းချီဆရာ ဝိသုကတဲ့လား မောင်းစည်လှည့်တာကို သင်မကြားဘူးလား သင်တော့... မင်းပြစ် မင်းဒဏ် သင့်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ… ဘာမောင်းစည်လဲ"

ဝိသုက ထိတ်လန့်သွားသည်။

"သင်က… ဘယ်သွားနေလို့လဲ ဒါမှ မဟုတ်ရင် ဘယ်မှာ အိပ်ပျော်နေလိုလဲ တစ်မြို့လုံး… အုတ်အော်သောင်းတင်း သွားကြ၊ လာကြတာတောင် မသိဘူးလား"

"ကျုပ်… ဘယ်မှမသွားပါဘူးဗျာ… ဒီအိမ်ရဲ့ နောက်ဘက်မှာရှိတဲ့ ပန်းချီခန်းထဲမှာ ပန်းချီကား တစ်ချပ်ကို အချောကိုင်နေလို့ပါ"

"ဒါဖြင့်… သင်ဟာ ဘုရင့်အမိန့်တော်ကို လွန်ဆန်လို့ မင်းဒဏ်သင့်ပြီ… ရှစ်အသပြာ ပေးဆောင်ရမယ်"

"ဟင်… ရှစ်အသပြာမပေးနိုင်ဘူး ကျုပ်မှာ သီရိမာကို တစ်ရက်တာပိုင်ဆိုင်ရဖို့… အသပြာ တစ်ထောင်ရအောင် မနည်းစုထားရတာ… အဲဒီ အထဲက တစ်ပြားမှ အလျော့ခံလို့မဖြစ်ပါဘူးဗျာ"

မင်းချင်းနှစ်ယောက်က… ဝိသုကပြော သည်ကို နားထောင်နေကြရာမှ တစ်ယောက်ကို တစ်ယောက်ကြည့်၍ ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဒီလိုဆိုရင်တော့... သင့်ရဲ့ ငွေအသပြာတစ်ထောင်ကိုယူပြီး သုသာန်ကို အမြန်သွားပေတော့..."

အကြီးလူဖြစ်သော မင်းချင်းက ပြောသည်။

"ဗျာ... သုသာန်ကို ဘာလုပ်ဖို့လဲ"

"ဟုတ်တယ်... သီရိမာကို ပိုင်ချင်ရင် သင့်ငွေတစ်ထောင်ကိုယူပြီး သုသာန်ကို အမြန်သွားပေတော့ သီရိမာ... သုသာန်မှာ ရှိတယ်။ မြန်မြန်သွား နောက်ကျရင် မရလိုက်ဘဲနေမယ်"

လူငယ်ဖြစ်သော မင်းချင်း၏ စကားကို ကြားတော့ ဝိသုက ယုံရအခက်၊ မယုံရအခက် ဖြစ်နေသည်။

"ခင်ဗျားတို့ ကျုပ်... ကျုပ်ကို ကျီစယ်နေတာတော့ မဟုတ်ပါဘူးနော်"

"ဟာ... ဒါ... ဘုရင့်အမိန့်ဗျ... ဘုရင့်အမိန့်ကို ကျီစယ်ရင် ကျုပ်တို့ အသတ်ခံရမှာပေါ့"

အကြီးဖြစ်သူ မင်းချင်း၏ တည်ကြည်သော မျက်နှာကိုကြည့်၍ ဝိသုက တွေဝေသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ... ဒါဖြင့် ကျုပ် သုဿန်ကိုသွားရင် သီရိမာကို တကယ်တွေ့မှာလား"

"ကျုပ်တို့က... ဘုရင့်အမှုထမ်းတွေဗျ။ ဘယ်သူမှ ကိုယ့်အသက်ကို အသေခံပြီး မညာဘူး... မြန်မြန်သွား နောက်တောင်ကျနေပြီ"

"ဟုတ်... အို... ကျုပ် အခုပဲသွားမယ်"

ကျင်စွယ်မုတ်ဆိတ်များကို မနုတ်မရိတ်သောကြောင့် အရူးကြီးကဲ့သို့ဖြစ်နေသော ဝိသုကသည် အသပြာတစ်ထောင်ထုပ်ကိုပိုက်၍ သုဿန်သို့ အမြန်ဆုံးပြေးသွား၏။

မြို့ပြင်သို့ထွက်တော့ သုဿန်ဘက်မှ ပြန်လာကြသော လူအုပ်ကြီးနှင့် ဝိသုက ဆုံမိသည်။ သို့သော်... အရူးကြီးလိုဖြစ်နေသူတစ်ဦးကို ဝိသုကမှန်း မည်သူမျှ မမှတ်မိကြ။

"အသင်တို့... ဘယ်ကပြန်လာကြလဲ"

"အို... အသင်ဘာလို့ နောက်ကျနေတာလဲ သုဿန် မှာ သီရိမာကို သွားကြည့်ကြတာလေ"

"ဗျာ... တွေ့ခဲ့ကြလား"

"တွေ့ခဲ့တာပေါ့... မြန်မြန်သွား"

www.burmeseclassic.com

www.burmeseclassic.com



ဝိသုက... နောက်ထပ် မည်သူ့မျှမမေးတော့ဘဲ သုသာန်ဆီသို့သာ ခြေလှမ်းကျဲကြီးများဖြင့် သွက်လက်စွာလှမ်း၍ သွားနေသည်။

ဝိသုက... သုသာန်သို့ ရောက်သောအခါ လူတစ်ယောက်မျှ မတွေ့ရတော့ပါ။ သုသာန်တစပြင်တစ်ခုလုံး တိတ်ဆိတ်ခြောက်ကပ်နေသည်။ ဟိုနေရာ၊ သည်နေရာတို့တွင် ပြန့်ကျဲနေသော လူရိုးများ၊ လူခေါင်းခွံများ၊ ဖျာစုတ်၊ အဝတ်စုတ်များ၊ လူသေမီးရှို့ထားသည့် တံစူးဝါးများကိုသာ ချောက်ချားဖွယ်ရာ တွေ့ရသည်။

"သီရိမာ... ဘယ်မှာလဲ သီရိမာ... သီရိမာက သုသာန်ကို ဘာလို့ရောက်နေရတာလဲ ဘုရင်က ဘာဖြစ်လို့ လူတွေကို မောင်းစည်လှည့်ပြီး ခေါ်ရတာလဲ... သီရိမာ သေသွားပြီလား... အို... မဖြစ်နိုင်ဘူး။ ဒီလောကငယ်... ဒီလောကနု... ဒီလောကသူတဲ့ သီရိမာ... ဘယ်နည်းနဲ့မှ မသေနိုင်ဘူး"

"အို... ဟိုမှာ သုသာန်စောင့်တဲကလေး... ဆော... သုသာန်စောင့်သူဘာရာဇာ အဘိုးကြီးကည်းရှိပါလား"

www.burmeseclassic.com

www.burmeseclassic.com



တဲငယ်လေးဆီသို့ ဝိသုက လျှောက်သွားသည်။

အဘိုးကြီးမှာ သုဿန်စောင့်တဲရှေ့မှ ဝါးကွပ်ပျစ်ကလေးတွင် မလှုပ်မယှက်ငြိမ်သက်စွာ ထိုင်နေသည်။

"ဒီမှာ... ဒီမှာ အဘိုးကြီး"

ဝိသုက... အသံပြုလိုက်သည်။ အဘိုးကြီးက... ဖြည်းညင်းစွာ မျက်နှာကို မော့၍ကြည့်သည်။

"သင်... ဘယ်သူလဲ"

"ကျုပ်... ပန်းချီဆရာ ဝိသုက"

"သင်... ဘာလုပ်ဖို့လာသလဲ"

"ကျုပ်... သီရိမာကို တွေ့ချင်လို့"

အဘိုးကြီးက ဝိသုကကိုကြည့်၍ အံ့သြနေ၏။

"အသင်... နောက်ကျလှပါလား ဘုရားရှင်နဲ့တကွ ရဟန်းတော်များ၊ ဘုရင်အပါအဝင် တိုင်းသူပြည်သားများ အားလုံးကြည့်ပြီးလို့ ပြန်သွားကြပြီ... ကျုပ်က သုဿန်စောင့်မို့ ကျန်နေခဲ့တာ"

"ဗျာ... ဘုရားရှင်ကိုယ်တော်တိုင် ကြွလာတယ် ဟုတ်လား..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်... ဘုရားရှင် အမိန့်ရှိလို့ ဘုရင်ကြီးက သီရိမာကို အသပြာတစ်ထောင်နဲ့ ယူလိုသူ အပြီးအပိုင် ယူဖို့... ကြေငြာပါတယ်"

"ဟင်... ဒါဖြင့် ဘယ်သူရသွားလဲဗျာ"

အဘိုးအိုက... ပြုံးသည် ဆိုရုံလေး တည်ကြည် လေးနက်စွာပြုံးပြီး ခေါင်းကို ခါရမ်းပြသည်။

"ဘယ်သူမှ မယူဘူး"

"ဗျာ... ဘာဖြစ်လို့လဲ"

"ဒါနဲ့... ဘုရင်က ဘုရားရှင်ရဲ့ အမိန့်တော်အရ သီရိမာရဲ့အဖိုးအခကို အဆင့်ဆင့် လျှော့ချပေးတယ် နောက်ဆုံး... အလကားလိုချင်သူရှိရင် ယူဖို့ ပြောတယ်"

"ဟင်... ဒီလိုဆိုရင်"

အဘိုးကြီးက လက်ကာပြလိုက်သည်။

"အလကားပေးတာတောင်... ဘယ်သူမှ ယူသူ မရှိပါဘူး"

"အို... အံ့ဩစရာ... ဒါဖြင့် သီရိမာ... အခု ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဝိသုက... သင်... အသေအချာကြည့်ပါဦး... ဒါ... သီရိမာအစစ်ပါ"

"မဟုတ်ဘူး... ကျုပ်မကြည့်ချင်ဘူး ဝေါ့... ထွီ... ရွံ့စရာကောင်းလိုက်တာဗျာ"

"ဩော်... ဝိသုက ဝိသုက ဒီရာဇဂြိုဟ်ပြည်မှာ သင်လိုလူတွေ အများကြီးပါပဲလေ။ အံ့ဩစရာတော့ မရှိပါဘူး... သီရိမာရဲ့ အလှအပကို စွဲလမ်းတဲ့အထဲမှာ ရဟန်းတော်တစ်ပါးတောင် ပါသေးတာပဲ"

"ဗျာ... ရဟန်းတော်ကလည်း သီရိမာရဲ့ အလှကို စွဲလမ်းတယ်... ဟုတ်လား"

"ဟုတ်ပါတယ်... သီရိမာဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရပြီးတဲ့နောက် ရတနာသုံးပါးကို အလွန်ကြည်ညိုတဲ့ ဥပါသိကာမ တစ်ဦး ဖြစ်သွားတယ်။ ဒါကြောင့်မို့... ဘုရားရှင်ကို လျှောက်ထားပြီး နေ့စဉ် ရဟန်းတော်ရှစ်ပါးကို အိမ်မှာ ဆွမ်းလုပ်ကျွေးတယ်"

သုသာန်စောင့် အဘိုးကြီးက ပြောနေရင်းမှ သီရိမာရဲ့ ရုပ်အလောင်းဆီသို့ လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိသုက အလျှင်စလို မေးလိုက်သည်။

"ဒီသုဿန်စောင့် တဲကလေးရဲ့ နောက်ဘက်ကိုကွေ့ပြီး သွားလိုက်ပါ သီရိမာရှိပါတယ်"

ဝိသုကသည် သုဿန်စောင့်တဲကလေးကို အမြန်ဆုံးကွေ့ပတ်ပြီး ကျော်လိုက်သည်။

"အောင်မယ်လေး... ကြောက်စရာကြီးဗျ"

ဝိသုက ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်လိုက်သည်။

"အို... ဝိသုက သင်ဘာကြောင့် အထိတ်တလန့် အော်ရတာလဲ"

သုဿန်စောင့်အဘိုးကြီး ရောက်လာပြီး ဝိသုက ပခုံးကို ကိုင်ထားလိုက်သည်။

"ဟိုမှာ... ဟိုမှာ လူသေပုပ်မကြီး... ဝေါ့... အမလေး... ရွံ့စရာကြီး... ဝေါ့"

ဝိသုက၏ရင်ထဲမှာ ပျို့တက်လာသည်။

"အို... ဘယ်လိုဖြစ်ရတာလဲ ဝိသုက အဲဒါ သင်တွေ့ချင်လှပါတယ်ဆိုတဲ့... သီရိမာလေ"

"ဘာ... မဟုတ်ဘူး... မဟုတ်ဘူး။ ဒါ သီရိမာ မဟုတ်ဘူး။ ဒါက... လူသေပုပ်မကြီးပဲ။

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့တော့… ရဟန်းတော်တစ်ပါးဟာ သူ့ အလှူ့ည့်ကျပြီး သီရိမာရဲ့အိမ်မှာ ဆွမ်းစားပင့်တဲ့ အထဲ ပါသွားတယ် ဒီအချိန်မှာ သီရိမာဟာ မကျန်းမမာဖြစ်နေရှာတယ်။ ဒါပေမဲ့… ကုသိုလ် ဒါနမှာ စိတ်အားထက်သန်တဲ့ သီရိမာဟာ အခြွေ အရံတွေကို တွဲခိုင်းပြီး ကိုယ်တိုင်ဆွမ်း တရားနာ တယ်။ ဒါကို… တွေ့ရတဲ့ ရဟန်းတော်တစ်ပါးဟာ သီရိမာကိုကြည့်မြင်ပြီး သီရိမာကို တအံ့တသြ ဖြစ်တယ်။ သြော်… မကျန်းမမာနဲ့ မပြုမပြင်နေ တာတောင် ဒီလောက်လှတယ်။ ကျန်းကျန်းမာမာနဲ့ ပြုပြင်ထားရင် ဘယ်လောက် လှလိုက်မလဲလို့ စဉ်းစားပြီး… သီရိမာရဲ့အလှကို စွဲလမ်းလာခဲ့တယ်"

ဝိသုကသည်… အဘိုးအို ပြောသည်ကို နားထောင်ရင်း ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။

"ဒါနဲ့… ကျောင်းသခ်မ်းကို ပြန်ရောက်တော့ လည်း ရဟန်းတော်ဟာ သီရိမာကိုပဲ စွဲလမ်းနေလို့ ဆွမ်းတောင် မစားနိုင်တော့ဘူးတဲ့။ သပိတ်ကို သင့်ရာမှာတင်ထားပြီး အိပ်ရာညောင်စောင်းမှာ သင်္ကန်းကိုခေါင်းမြီးခြုံ အိပ်နေရှာတဲ့… "

www.burmeseclassic.com

www.burmeseclassic.com



ဝိသုကသည် သူ၏ မုတ်ဆိတ်များကို ကိုင်စမ်းနေမိသည်။ သူကိုယ်တိုင်သည် သီရိမာကို တွေ့ရပြီးကတည်းက ကျင်စွယ်မုတ်ဆိတ်ကိုပင် ရိတ်ပယ်နိုင်ခြင်းမရှိ ဖြစ်ခဲ့ရသည်။

အနောက်ဘက်ကောင်းကင်တွင် နေဝင်ခါနီးလေပြီ။ အဘိုးအိုက သူ့စကားကိုဆက်၍ ပြော၏။

"အဖော်ရဟန်းတွေက... ဆွမ်းစားဖို့ ဖျောင်းဖျ ပြောပေမယ့်လည်း မရဘူးတဲ့။ သင်္ကန်းကို ခေါင်းမြီးခြုံထားရာက သီရိမာရဲ့ မျက်နှာကလေးကိုသာ တရေးရေးမြင်ပြီး ရာဂစိတ်တွေ ပွားနေတယ်တဲ့။ ဒီအချိန်မှာပဲ... သီရိမာဟာ သူ့မှာ စွဲကပ်နေတဲ့ ရောဂါဝေဒနာနဲ့ ကွယ်လွန်သွားရှာခဲ့တယ်"

ဝိသုကသည်... သီရိမာ၏ ရုပ်အလောင်းဆီသို့ မကြည့်ချင်၍ အပေါ်သို့မော့ပြီး ငေးမျှော်လိုက်သည်။ ခပ်လှမ်းလှမ်းမှ ရိုးတံကျဲကျဲ အရွက်မည်းမည်းဖြစ်နေသော ဂျုပ်ပင်ခြောက်ပေါ်တွင် လင်းတနှစ်ကောင် နားနေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"သီရိမာကွယ်လွန်ကြောင်းကို ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားထံ သွားလျှောက်တယ်။ အဲဒီတော့... မြတ်စွာဘုရားက သီရိမာရဲ့ရုပ်အလောင်းကို သင်္ဂြိုဟ်ခြင်းမပြုဘဲ သုသာန်မှာ ကျီးမထိုး၊ လင်းတမဆွဲ၊ ခွေးမစားအောင် စောင့်ရှောက်ထားဖို့ပြောလို့ ဒီတာဝန်ကို ကျုပ်က... ယူရတယ်လေ။ ဒီနေ့လေးရက်မြောက်မှ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီးကို မောင်းစည်လှည့်စေပြီး သီရိမာကို လာကြည့်ဖို့ ဆင့်ခေါ်ခိုင်းတယ်... သူမနသူဌေးသား မောင်နန္ဒနဲ့ သီရိမာကို စွဲလမ်းတမ်းတနေတဲ့ ရဟန်းတော်အပါအဝင် သုသာန်ကို လူအားလုံးလာကြည့်ကြတယ်။ အို... အသင်ပန်းချီကျော် ဝိသုက... ဒါဟာ သီရိမာအစစ်ပါ။ အသင်စွဲလမ်းခဲ့တဲ့ သီရိမာကိုကြည့်ဖြစ်အောင် အသေအချာ ကြည့်လိုက်စမ်းပါဦးလေ။ ဒါဟာ ဘုရားရှင်ရဲ့ ဆန္ဒတော်ပါ"

သုသာန်စောင့် အဘိုးကြီး၏ တိုက်တွန်းပြောဆိုသံက ညင်သာသော်လည်း လေးနက်သောအင်အား ပါနေ၏။ ဝိသုကလည်း ဘုရားရှင်၏

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒတော်ကို ရှိသေလေးစားစွာဖြင့် သီရိမာ၏ ရုပ်အလောင်းဆီသို့ မဝံ့မရဲလှမ်းကြည့်လိုက်သည်။

"အို... ဘုရား... ဘုရား စက်ဆုပ်ဖွယ်ရာ ကြောက်စရာအတိပါလား"

ဝိသုကာ၏ ရင်ထဲနှလုံးထဲမှာပင် နောက်ကျိ၍ လာ၏။

တစ်ချိန်က... အလွန်လှပခဲ့သော သီရိမာ၏ ညို့မျက်ဝန်းတို့သည် ယခုအခါတွင် မည်းနက်ပြီး အပြင်သို့ပြူးထွက်နေ၍ အရိအရွဲများ စီးကျနေသည်မှာ ရွံ့ဖွယ်လိလိဖြစ်နေ၏။

အလွန်လှ၍ အချိုးကျသည်ဟု ချီးကျူးခဲ့သော နှုတ်ခမ်းအစုံတို့မှာလည်း ညိုမည်းတွဲကျပြီး သွားဖြဲ၍ ခြောက်လှန့်နေသည်လို့ ကြောက်စရာကောင်းလှသည်။

တစ်ချိန်က ဖြောင့်စင်းသွယ်တန်း၍ အလွန်လှပသော နှာတံသည် ယခုအခါမှာ ညိုမည်းပုတ်ပွ၍ နှာခေါင်း ပေါက်မှသွေးပြည်တို့ စီးဆင်းနေသည်မှာ ရွံ့စရာကောင်း လှသည်။

"အို... သီရိမာ သင့်ရဲ့ ကျေးရှင်းလှပတဲ့

www.burmeseclassic.com



ကိုယ်ခန္ဓာဆိုတာလည်း မရှိတော့ပါလား။ ညှိမည်း ကိုင်းပြီး အရည်တစိုစိုနှင့် စက်ဆုပ်ဖွယ်အတိ ပါလား။

သီရိမာ၏အလောင်းကိုကြည့်ပြီး ဝိသုက ပျို့အန်ချင်စိတ်ကို ထိန်းချုပ်ထားရသည်။

"အို... ပန်းချီကျော်ဝိသုက သီရိမာကို အသင်ယူလိုက ယူပါ"

သုသာန်စောင့်အဘိုးအိုက... ရက်ရောစွာ ပေးနေသည်။

"ဟာ... မယူချင်ပါဘူးဗျာ ကြည့်တောင် မကြည့်ချင်တော့ဘူး"

ဝိသုက အလျင်အမြန်ငြင်းပယ်လိုက်သည်။

"အင်း... သင့်လိုပဲ တစ်ချိန်က သီရိမာကို စွဲလန်းသူတွေ အများကြီး။ ဟာ... အခုတော့ သီရိမာကို ဘယ်သူမှ မယူချင်ကြတော့ဘူး။ တစ်ခါက သီရိမာကို စွဲလန်းခဲ့တဲ့ ရဟန်းတော် အပါအဝင်ပေါ့"

"ဗျာ... ရဟန်းတော်ကလဲ..."

"ဟုတ်တယ်... အဲဒီရဟန်းလည်း မနက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



က ရောက်လာတယ်။ သီရိမာရဲ့ ရုပ်အလောင်းကို မြင်ရပြီး... ဘုရားရှင်ရဲ့တရားတော်ကို နာကြားရတာနဲ့ တရားရသွားပါပြီ"

"ဩော်... သာဓု... သာဓု... သာဓု"

ဝိသုက... သာဓုခေါ်မိသည်။

သီရိမာနဲ့ ဆယ်ရက်လောက် ပေါင်းခဲ့ဖူးတဲ့ သူဌေးသား နန္ဒလည်း မနက်ကပဲ သီရိမာရဲ့ ရုပ်အလောင်းကိုကြည့်ရင်း ဘုရားရှင်ရဲ့ တရားတော်ကို နာကြားရတာနဲ့ မိစ္ဆာဒိဋ္ဌိကနေ သမာဒိဋ္ဌိဖြစ်ပြီး ရတနာသုံးပါးကိုးကွယ် ဆည်းကပ်သူ ဖြစ်သွားပြီ။

BURMESE CLASSIC

"အို... ဝမ်းသာစရာဗျာ။ သာဓု... သာဓု... သာဓု..."

ဝိသုက... သာဓုခေါ်ရပြန်သည်။

"သတ္တဝါတွေ အကျိုးများအောင်လို့ ဘုရားရှင်က သီရိမာရဲ့ရုပ်အလောင်းကို သက်သေထားပြီး လက်တွေ့မျက်မြင် တရားပြခဲ့တာပေါ့"

သုသာန်စောင့် အဘိုးအို၏ လေသံက အေးဆေးတည်ငြိမ်စွာ တစ်ဆင့်ကြား တရားပြနေသယောင်...

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားရှင်ကျေးဇူး ကြီးလှပါပေတယ်"

ဝိသုကသည် ဘုရားရှင်၏ ကျောင်းတော်ရှိရာသို့ ရည်မှန်း၍ ဦးသုံးကြိမ်ချလိုက်သည်။

သုသာန်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်...။

သီရိမာ၏ ရုပ်အလောင်းပေါ်မှာ ယင်မည်းတစ်အုပ် တလှုပ်လှုပ်နှင့် အပုပ်ရည်များကို စားသောက်နေကြ၏။

သုသာန်စောင့်အဘိုးအိုက ခဲသေးသေးတစ်လုံးကို သီရိမာ၏ကိုယ်ပေါ်သို့ ပစ်တင်လိုက်သည်။

BURMESE CLASSIC

ယင်မည်းတစ်အုပ် ဝေါခနဲပျံတက်သွားကြ၏။

သီရိမာ၏ဘက်သို့ ဝိသုတ တစ်ချက်လှည့်ကြည့်လိုက်သည်။

"ဘယ်လိုလဲ ဝိသုက သီရိမာရဲ့အလှကို သင်တွေ့ပါသလား"

မြတ်စွာဘုရား ဟောကြားသော တရားတော်ကို နာကြားလိုက်ရသော သုသာန်စောင့်အဘိုးအိုသည် ဝိသုကကို လှမ်းမေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိသုကခေါင်းရမ်းပြသည်။

"ဒါဖြင့်... အသင် ဘာကိုတွေ့သလဲ"

"မမြဲတဲ့အနိစ္စတရား ရုပ်နာမ်ခန္ဓာတို့ရဲ့ ဖောက်ပြန် ပျက်စီးခြင်းတရားကိုသာ တွေ့ရပါတယ်"

သုသဿန်စောင့် အဘိုးအိုက ဝိသုကကို ခေါင်းညိတ်ပြ၍ သာဓုသုံးကြိမ် ခေါ်ဆိုလိုက်ပါသည်။

သာဓု... သာဓု... သာဓု။

BURMESE CLASSIC

လယ်တွင်းသားစောချစ်

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ဟောကြားတော်မူသောတရားကို နာကြားရခြင်းဖြင့် ဥတ္တရာ၏ခင်ပွန်း မောင်နန္ဒသည် မိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိအဖြစ်သို့ရောက်ပြီး သတိသံဝေဂရ၍ ရမက်ကျွန်အဖြစ်မှ တော်လှန်နိုင်ခဲ့သည်။

ဥတ္တရာသည် ငါ့အား အလွန်ကျေးဇူးကြီးပေ၏။

ဥတ္တရာကြောင့် ငါသည် ဤနေရာသို့ရောက်လာပြီး မြတ်စွာဘုရား၏တရားတော်ကို နာကြားရသဖြင့် ဆင်းရဲ အပေါင်း၏ကင်းရာလမ်းကို မြင်ရပေသည်'' ဟု ဥတ္တရာ အပေါ်တွင် အလွန်နှစ်သက် ရှိသေစိတ်ဖြစ်ပေါ်သည့် အလျောက် ဥတ္တရာသည် ငါ့အားကောင်းမြတ်သော လမ်းကို ညွှန်ပြပေသည်။ ကျေးဇူးကြီးလှပါသည်။

ယနေ့မှစ၍ သင့်အား အမိအရာထား၍ သင်ဆုံးမ သမျှကို ငါလိုက်နာပါတော့မည်'' ဟု ဝန်ချတောင်းပန်၏။

ထိုအခါမှစ၍ ဥတ္တမ၏အမည်သည် ''နန္ဒမာတာ'' မောင်နန္ဒ၏မိခင်ဟု တွင်လေသည်။ နန္ဒမာတာ ဥတ္တရာ သည် အသက်အန္တရာယ်ပြုသူ သီရိမာကို မေတ္တာစျာန်ဝင် စား၍ သည်းခံနိုင်စွမ်းကြောင့် စျာန်ဝင်စားလေ့ရှိသော အရာဝယ် အသာဆုံး၊ အမြတ်ဆုံးအဖြစ် မြတ်စွာဘုရား ချီးကျူးသော ဧတဒဂ်ဘွဲ့ကိုလည်း ရရှိခဲ့လေသည်။

ဓမ္မပဒကောဝင်၊ ဓမ္မပဒဇရာဝင်၊ ဇိနတ္ထပကာသနီ တို့ကို အခြေပြုမှီငြမ်းကိုးကား၍ ရေးဖွဲ့ကြောင်း ဖော်ပြ အပ်ပါသည်။

www.burmeseclassic.com